ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 13 August 2020 ၁၀၁၀၃

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ဘောလုံးပွဲများ ပြန်လည်ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေး



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ဘောလုံးပွဲများ ပြန်လည်ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာအမျိုးသားလက်ရွေးစင်(ဂိုးသမား) သီဟစည်သူတို့နှင့် အပြန်အလှန်ဆွေးနွေးစဉ်။

နေပြည်တော် ဩဂုတ် ၁၂

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ဘောလုံးပွဲများ ပြန်လည်ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာအမျိုးသားလက်ရွေးစင်(ဂိုးသမား) သီဟစည်သူတို့ကို Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

- ☆ **ကျန်းမာရန်အတွက် အစားအသောက်၊ အနေအထိုင်သည် အရေးကြီး**
- ☆ **ကျန်းမာရေးနှင့် ကိုက်ညီသည့် အစားအစာများကို စားသောက်ရမည်ဖြစ်ပြီး ကိုယ်လက်လှုပ်ရှားမှုကိုလည်း လုံလုံလောက်လောက် မှန်မှန်ကန်ကန် လုပ်ဆောင်ရန်လို**

ကြေးမုံ ယနေ့ ဖတ်စရာ

ဗိုင်းရပ်စ်ကာကွယ်ဆေး ဝယ်ယူရေး သဘောတူညီချက် သမ္မတ ဒေါ်နယ်ထရမ့် ကြေညာ

စာမျက်နှာ » ၁၂

ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

စာမျက်နှာ » ၁၈

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# မတူကွဲပြားမှုများအား တန်ဖိုးထားလေးစား

လူသားများသည် ကမ္ဘာပေါ်ရှိမည်သည့်နေရာဒေသ၌မဆို မတူကွဲပြားမှုများနှင့်အတူ ပေါင်းစုနေထိုင်ကြသည်။ ကိုယ့်အစုအဖွဲ့နှင့်ကိုယ် နေထိုင်ကြသည်ဆိုသော်လည်း အမျိုးအနွယ်မတူသူများကိုလည်း လက်ခံကြသည်။ ထိုသို့ကွဲပြားသူများ အေးချမ်းစွာပေါင်းစုနေထိုင်နိုင်ကြသဖြင့် ငြိမ်းချမ်းသောဘဝများကို တည်ဆောက်နိုင်ကြသည်။ ပြီးခဲ့သည့်ရက်က အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်တစ်ခုတွင် ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ကြသော မြန်မာလူမျိုးများအား ပြည်နယ်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်ရှိကြောင်း ပြောကြားသည့် မင်္ဂလာရှိသောစကားကို ကြားရသည်။

မိသားစုများအတွင်း၌လည်း သဘောထားခံယူချက်မတူသော မိသားစုဝင်များ စုပေါင်းနေထိုင်ကြသည်။ လူတစ်ကိုယ် စိတ်တစ်မျိုးစီဖြင့် မတူကွဲပြားကြသော်လည်း အမိအဖအရိပ်အောက်တွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်ကြသောမိသားစုများမှာ စိတ်ချမ်းမြေ့စရာ သီရိဂေဟာအဖြစ် ကျက်သရေမင်္ဂလာ ပြည့်စုံနေသည်။ ညီညွတ်မှုမရှိသော မိသားစုများမှာ နေ့စဉ်အမြဲ ပဋိပက္ခများနှင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ကြရပြီး နောက်ဆုံးတွင် မိသားစုကြီးတစ်ခုလုံး ပြိုကွဲပျက်စီးခြင်းအဖြစ်ဆိုးနှင့် ကြုံတွေ့ကြရသည်။

မြန်မာနိုင်ငံသည်လည်း ပြည်ထောင်စုနိုင်ငံဖြစ်ရာ မတူကွဲပြားသည့် လူ့အသိုက်အဝန်းများ ပေါင်းစုနေထိုင်လျက်ရှိသည်။ များသောအားဖြင့် ကွဲပြားခြားနားသော အသိုက်အဝန်းများ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်လျက်ရှိသော်လည်း အချို့လူ့အသိုက်အဝန်းနှင့်ဒေသများတွင် ကွဲပြားသည့် ပုဂ္ဂိုလ်ရေးနှင့် ဝိဝါဒရေးကို ဦးစားပေးလွန်းသောကြောင့် စိတ်မချမ်းမြေ့ဖွယ်အဖြစ်များနှင့် ကြုံနေရသည်ကို ကြားသိရမည်ဖြစ်သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဩဂုတ် ၁၁ ရက်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အုပ်ချုပ်ရေးမှူးများအားတွေ့ဆုံစဉ် မတူကွဲပြားမှုများ၏ အရေးပါမှုကို ရှင်းလင်းပြောကြားခဲ့သည်။

"မတူကွဲပြားမှုဟု ပြောခြင်းသည် လူမျိုးရေးအရသာမက ဝိဝါဒအရ မတူကွဲပြားမှုများကို ပြောကြားလိုခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် မတူကွဲပြားမှုအပေါ်အခြေခံပြီး ညီညွတ်မှုတည်ဆောက်ရန် မည်မျှအရေးကြီးသည်ကို အားလုံးသဘောပေါက်မည်ဟုထင်ပါကြောင်း၊ ထိုသို့သဘောပေါက်ရန် မိမိတို့ကမ္ဘာကြီး၏ အခြေအနေများကို လေ့လာရန်လိုအပ်ပါကြောင်း၊ အဓိကပြောချင်သည်မှာ တစ်ဦးနှင့်တစ်ဦး မတူကွဲပြားသည့် လက္ခဏာများအပေါ်တွင် အခြေခံသည့် နိုင်ငံရေးစနစ်များ ပေါ်ပေါက်နိုင်ပါကြောင်း၊ အဆိုပါနှစ်ခုကို မိမိတို့အနေဖြင့် ချိန်ခွင်လျှာညီမျှအောင် လုပ်ရမည်ဖြစ်ကြောင်း"ပြောကြားခဲ့သည်။

နေရာဒေသတိုင်းတွင် ကွဲပြားခြားနားမှုများ ရှိနေမည်ဖြစ်သလို ထိုကွဲပြားသော လူ့အသိုက်အဝန်းများက ၎င်းတို့၏ကိုယ်ပိုင်ဝိသေသလက္ခဏာများကို ထိန်းသိမ်းကြ၊ လေးစားကြ၊ တန်ဖိုးထားကြသည်မှာ သဘာဝကျပါသည်။ မိမိတို့လူမျိုးနှင့် ကိုယ်ပိုင်ဝိသေသလက္ခဏာများကို ထိန်းသိမ်းတန်ဖိုးထားကြသလို အခြားလူမျိုးတို့နှင့် ဝိသေသလက္ခဏာများကိုလည်း အသိအမှတ်ပြုလေးစားကြရမည် ဖြစ်သည်။ ယင်းကို သာမန်အားဖြင့်ဆိုပါက ကိုယ်ချင်းစာတရား ထားနိုင်ခြင်းဟုဆိုရမည်ဖြစ်သည်။ ကိုယ်ချင်းစာတရားသည် လူသားအချင်းချင်း စာနာထောက်ထားခြင်းလည်းဖြစ်သည်။ ကိုယ်ချင်းစာစိတ်မထားနိုင်သည်နှင့် ငါနှင့်မတူ ငါ့ရန်သူ ဖြစ်လာနိုင်သည်။

မြန်မာနိုင်ငံသည် မတူကွဲပြားမှုများကိုအခြေခံပြီး တစ်နိုင်ငံလုံး ညီညွတ်မှုကို တည်ဆောက်နိုင်သောကြောင့် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းမှစ၍ မတူကွဲပြားမှုများအား မစုစည်းနိုင်သောကြောင့် ပဋိပက္ခများနှင့် ပြည်တွင်းစစ်မီးများ ယနေ့ထက်တိုင် တောက်လောင်လျက်ရှိသည်။ ထို့ကြောင့် မတူကွဲပြားမှုများကို စုစည်းနိုင်မည့် နိုင်ငံရေးစနစ်ကိုတည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသည် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်သို့ ဦးတည်သည့် နိုင်ငံရေးစနစ်ဖြစ်သည်။ စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စု ထူထောင်နိုင်ရန်အတွက် မတူကွဲပြားမှုများအပေါ်အခြေခံသည့် ညီညွတ်မှုကို တည်ဆောက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် နိုင်ငံအရွယ်အစားနှင့် တိုင်းရင်းသားလူမျိုး တစ်ရာကျော်ရှိသည့် အနေအထားမှာ ကမ္ဘာပေါ်တွင် ထူးထူးခြားခြား ဖြစ်တည်နေသည်။ မတူကွဲပြားမှုများကို အင်အားဖြစ်အောင်၊ အင်အားအဖြစ်သာမက ညီညွတ်ရေးအတွက် တွန်းအားဖြစ်အောင်၊ တစ်ယောက်တွင် မရှိသည့်အားများကို နောက်တစ်ယောက်က ဖြည့်ဆည်းပေးမည်ဆိုသည့် ယုံကြည်မှုများဖြစ်ပေါ်လာအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ထားသည်။

သို့ဖြစ်ရာ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးတို့သည် မငြိမ်းချမ်းသော၊ မဖွံ့ဖြိုးသောဘဝမှ ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးနေသော နိုင်ငံများ၏ ဖြစ်စဉ်များကို လွှမ်းခြုံကြည့်ရှုပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းအောင်၊ ဖွံ့ဖြိုးအောင် မတူကွဲပြားမှုများအား သဘောထားကြီးစွာဖြင့် အတူလက်တွဲပြီး ညီညွတ်ရေးအင်အား တွန်းအားဖြစ်အောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်ပါကြောင်း။ ။

## ပေါ်တူဂီသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဒေါ်မွေးမွေးခိုင်အား ပူးတွဲခန့်အပ်

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်မွေးမွေးခိုင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ပေါ်တူဂီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

သတင်းစဉ်

## နှံကောင်များနှင့်ပတ်သက်၍ အသိပေးကြေညာချက်

မြန်မာနိုင်ငံတွင် လက်ရှိကျရောက်လျက်ရှိသော နှံကောင်များမှာ ဒေသခံ နှံကောင်မျိုးစိတ်များဖြစ်သည့် ကော်ဖီနှံကောင် (Coffee Locust)၊ ဦးမှင်ရှည်နှံကောင် (long-horned grass hopper)၊ အရှေ့တိုင်းရွှေ့ပြောင်းနှံကောင် (migratory locust)၊ ခြေနီနှံကောင် (red-legged locust) နှင့် လည်ချောင်းချွန်နှံကောင် (spur-throated locust) များ ဖြစ်ပါသည်။

အဆိုပါနှံကောင်များမှာ ချုံပုတ်များ၊ သစ်တောပင်များ၊ စားကျက်မြက်ခင်းများတွင် အများဆုံးတွေ့ရှိရပြီး သီးနှံပင်များတွင် ထူးခြားစွာ ကျရောက်ဖျက်ဆီးမှုမရှိကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် ဇွန်၊ ဇူလိုင်လများတွင် တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခု ၏ မြို့နယ် ၃၂ မြို့နယ်ရှိ သီးနှံစိုက်ခင်းများ၌ ကျရောက်ခဲ့ရာတွင်လည်း စိုက်ပျိုးထုတ်လုပ်မှု ထိခိုက်သည်အထိ သီးနှံများ ပျက်စီးမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

ရာသီဥတုပြောင်းလဲလာခြင်း၊ သစ်တောများပြုန်းတီးလာခြင်း၊ သဘာဝမိတ်ဆွေပိုးများ ပျက်သုဉ်းလာခြင်း၊ ပိုးကောင်များ နေထိုင်ရာပတ်ဝန်းကျင်တွင် လူနေအဆောက်အအုံများဆောက်လုပ်နေထိုင်လာခြင်း စသည်တို့ကြောင့် နှံကောင်များနေထိုင်မှုပုံစံ ပြောင်းလဲလာရခြင်းဖြစ်ကြောင်း သုံးသပ်ရပါသည်။

ရာသီဥတုပူနွေးခြင်းသည် နှံကောင်များလျင်မြန်စွာပေါက်ပွားစေသကဲ့သို့ ယင်းတို့၏အစားချေဖျက်နှုန်းကိုလည်း ကောင်းစေသဖြင့် အစာပိုမိုစားသောက်သောကြောင့် အစာရှာဖွေရန် စိတ်အားထက်သန်စေပါသည်။ ယခုအခါ မိုးရာသီသို့ ကူးပြောင်းလာနေပြီဖြစ်၍ ကွင်းဆင်းတွေ့ရှိချက်များအရ နှံကောင်ကျရောက်မှု လျော့နည်းလာနေကြောင်း တွေ့ရပါသည်။

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံများတွင် ကျရောက်လျက်ရှိသည့် ဖျက်အားပြင်း ကန္တာရကျိုင်း (နှံကောင်)များ၏ ဦးတည်ရာလမ်းကြောင်းမှာ မြန်မာနိုင်ငံသို့ မရောက်ရှိနိုင်တော့ကြောင်း ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့(FAO) က ဖွဲ့စည်းထားသည့် ကန္တာရကျိုင်းကောင် စောင့်ကြည့်ရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရပါသည်။

လာအိုနိုင်ငံ၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံ (ယူနန်ပြည်နယ်) တို့တွင် ကျရောက်လျက်ရှိသော အဝါရောင် ဆူးဝါးနှံကောင်များ Yellow-spined bamboo locust မှာ မြန်မာနိုင်ငံ၌ ကျရောက်ခြင်း မရှိသေးသော်လည်း အဆိုပါဒေသများနှင့် နီးစပ်သည့် နယ်စပ်တစ်လျှောက်ရှိ မြို့နယ် /ကျေးရွာ စိုက်ကွင်းများတွင် ကင်းထောက်စောင့်ကြည့်ခြင်းကို စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

တောင်သူများအနေဖြင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအတွက် အကူအညီလိုအပ်ပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနရုံးများ၊ စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးစင်တာများရှိ ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြပါကြောင်း အသိပေးအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၂-၈-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၂၅၈ | ၂,၆၁၄,၅၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၅၀ | ၃,၅၆၂ | ၁၃,၂၇၁,၂၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၂၀ | ၁၆၀,၀၀၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၁,၈၃၇ | ၃၉,၅၂၁,၅၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၄ | ၁၁,၄၀၀ |
| EFR | ၃,၀၅၀ | ၃,၀၀၀ | ၄၈ | ၁၄၆,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၂

ရန်ကုန်(ရွှေဈေး) ၁၂၈၇၀၀၀ မန္တလေး(ရွှေဈေး) ၁၂၈၇၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၅၀/၅၈၅ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၂၀/၆၃၅ ကျပ် | ၆၇၅/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၉၀/၅၂၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၉၅/၅၁၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၅/၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၄၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၂.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၃.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၀၉၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၇.၄၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၃၄၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၈.၁၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၉.၄၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၅.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၉၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

☆ Myanmar National League **ပြိုင်ပွဲ၏ အောင်မြင်မှုအပေါ် မူတည်ပြီး တင်ပြထားသည့် ဘောလုံးပြိုင်ပွဲများကို ဆက်လက်ခွင့်ပြုသွားမည်**

☆ **အခြားအားကစားပြိုင်ပွဲများကိုလည်း သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ တင်ပြလာပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စနစ်တကျစစ်ဆေးပြီး အားကစားပြိုင်ပွဲများကို ဆောင်ရွက်ပေးသွားမည်**

❂ **ရှေ့ဖုံးမှ**

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယနေ့တွင် ကိုဗစ်ကာလအတွင်း ဘောလုံးပွဲများကျင်းပရေးနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဘောလုံးပွဲများကို စိတ်ဝင်စားကြပါကြောင်း၊ ဘောလုံးပရိသတ်များဖြစ်ကြသည့်အတွက် ဘောလုံးပွဲများကျင်းပမည့်အချိန်၊ ဘောလုံးပွဲများအခြေအနေနှင့် ဘောလုံးအားကစားသမားများ၏အခြေအနေကို သိရှိလိုကြမည်ဖြစ်ပါကြောင်း။

**မှန်မှန်ကန်ကန်လုပ်ဆောင်ရန်လို**

ကျန်းမာရန်အတွက် အစားသောက်၊ အနေအထိုင်သည် အရေးကြီးပါကြောင်း၊ ကျန်းမာရေးနှင့် ကိုက်ညီသည့် အစားအစာများကို စားသောက်ရမည်ဖြစ်ပြီး ကိုယ်လက်လှုပ်ရှားမှုကိုလည်း လုံလုံလောက်လောက် မှန်မှန်ကန်ကန် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ အစားအသောက်နှင့် ကိုယ်လက်လှုပ်ရှားမှု မှန်ကန်ပါက လူတစ်ဦးတစ်ယောက်အတွက် ယေဘုယျကျန်းမာရေးကောင်းသည်ဟု ပြော၍ရပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားနှစ်ခုကို တွဲထားခြင်းဖြစ်ပါကြောင်း။

အားကစားလောကအပေါ် ကိုဗစ်၏ ဆိုးကျိုးသက်ရောက်မှု အခြေအနေနှင့် ဆိုးကျိုးများကို အတတ်နိုင်ဆုံး ဖြေလျှော့ပေးရန် ဆောင်ရွက်နေမှုများကို ရှင်းပြစေလိုပါကြောင်း၊ ရုရှားနိုင်ငံက ကိုဗစ်ကာကွယ်ဆေးတွေ့ရှိသည်ဟု ယနေ့ သတင်းစာထဲတွင် ဖတ်ရှုရပါကြောင်း၊ သေချာမှု ရှိ၊ မရှိ မသိရသေးပါကြောင်း၊ သေချာပါက မိမိတို့ပြည်သူများအတွက် ကာကွယ်ဆေး အမြန်ဆုံးရရှိအောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယခု ကြားကာလတွင် သည်းခံပြီး စည်းကမ်းထိန်းသိမ်းကြစေလိုပါကြောင်း၊ ကိုဗစ်ကို မပေါ့ဆကြဘဲ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများကို ဆက်လက်စောင့်ထိန်းကြစေလိုပါကြောင်း၊ ထိုသို့စောင့်ထိန်းပါက ကျန်းမာရေးပြဿနာများကို ကျော်လွှားသွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါကုသမှုအပိုင်းတွင် ကိုယ်လက်လှုပ်ရှားမှုသည် အလွန်အရေးကြီးပါကြောင်း၊ အထူးသဖြင့် မကူးစက်သည့် ရောဂါများကို ကာကွယ်ရာတွင်လည်းကောင်း၊ ရောဂါပြင်းထန်မှုများကို လျော့နည်းအောင် ဆောင်ရွက်ရာတွင်လည်းကောင်း ကိုယ်လက်လှုပ်ရှားမှုသည် အရေးကြီးပါကြောင်း၊ ကိုယ်လက်လှုပ်ရှားခြင်း၊ အားကစားပုံမှန်လုပ်ခြင်းအားဖြင့် ကုသမှုအပိုင်းတွင် များစွာ အကျိုးရှိသည်ကို တင်ပြလိုပါကြောင်း။

**၁၉၅ နိုင်ငံမြောက်**

ဗဟိုကော်မတီ၏ လမ်းညွှန်မှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကိုဗစ်–၁၉ ကို ဇန်နဝါရီလဆန်းကတည်းက ကာကွယ်ထိန်းချုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ကာကွယ်ရေး၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် ရောဂါပိုးတွေ့ရှိသည့် ၁၉၅ နိုင်ငံမြောက် ဖြစ်ခဲ့ပါကြောင်း၊ ရောဂါပိုးတွေ့ရှိပြီးနောက် ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်နှင့်ပတ်သက်သည့် ကန့်သတ်ချက်၊ တားမြစ်ချက်၊ အမိန့်ကြော်ငြာစာနှင့် ပြည်သူများထံ ပန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပြီး ပြည်သူများလိုက်နာနိုင်စေရန် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ကြောင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ခြင်းလုပ်ငန်းများကို အချိန်တိုအတွင်း ထိန်းချုပ်နိုင်ခဲ့ပါကြောင်း၊ ထိန်းချုပ်ရာတွင် မိမိတို့ထုတ်ပြန်သည့် စည်းမျဉ်း စည်းကမ်းများကြောင့် လူမှုစီးပွားလုပ်ငန်းများအပေါ် သက်ရောက်မှုအနည်း၊ အများရှိခဲ့ပါကြောင်း၊ ထိန်းချုပ်မှုများ ပိုမိုအားကောင်းလာသည်နှင့်အမျှ တစ်ဖက်တွင်လည်း လူမှုစီးပွားအပေါ် သက်ရောက်မှုများ လျော့နည်းလာအောင် ထိန်းချုပ်မှုများကို သတိကြီးစွာဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့ပေးခဲ့ပါကြောင်း။

အချို့နိုင်ငံများတွင် ထိုသို့ ဖြေလျှော့ပေးချိန်၌ ကိုဗစ်ရောဂါသည် ပြန်လည်ကူးစက်မှုရှိလာပြီး Second Wave ပြန်လည်ဖြစ်ပေါ်ခြင်းများ ရှိပါကြောင်း၊ ထို့ကြောင့် တားမြစ်ချက်၊ ကန့်သတ်ချက်များ ပြန်လုပ်ရသည်များလည်း ရှိပါကြောင်း၊ ထိုသို့ မဖြစ်စေရေးအတွက် ပြန်လည်ဖြေလျှော့ရာတွင် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြန်လည်ဖွင့်လှစ်မည့် လုပ်ငန်းများအလိုက် လိုက်နာရမည် SoP များ၊ နည်းလမ်းများ၊ လမ်းညွှန်ချက်များကို စနစ်တကျရယူပြီး စစ်ဆေးရေးအဖွဲ့များဖြင့် စနစ်တကျ စစ်ဆေးပေးပါကြောင်း၊ ဆန်းစစ်ချက်များနှင့်ပြည့်မီသည့်လုပ်ငန်းများကို အချိန်မီပြန်လည်ဖွင့်လှစ်နိုင်အောင် စီစဉ်ပေးခဲ့ပါကြောင်း၊ ဖွင့်လှစ်ပြီးချိန်တွင်လည်း သတ်မှတ်ချက်များအတိုင်း ဆက်လက်လိုက်နာမှုရှိအောင် လိုအပ်သည့် ပုံမှန်စစ်ဆေးမှုများ၊ ရှောင်တခင်စစ်ဆေးမှုများကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းသည် ပြန်လည်ဖြေလျှော့ပေးချိန်တွင် ကိုဗစ်–၁၉ ရောဂါ ပြန်လည်ခေါင်းမထောင်လာစေရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ဘောလုံးအားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင်ရှိသည့် ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်း၊ သုဝဏ္ဏအားကစားကွင်း၊ ရန်ကုန်ဘောလုံး အကယ်ဒမီ စသည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါကြောင်း၊ လိုအပ်သည့် SoP များ၊ Guide Lines များကို ရေးဆွဲ၍ တာဝန်ရှိသူများနှင့် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါကြောင်း၊ တင်ပြထားသည့် ဘောလုံးအားကစားပြိုင်ပွဲများထဲမှ Myanmar National League ဘောလုံးပြိုင်ပွဲကို ပထမအဆင့် ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ခွင့်ပြုနိုင်ရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်ထားမှုကို သွားရောက်စစ်ဆေးခဲ့ပါကြောင်း၊ သတ်မှတ်ချက်များအတိုင်း ကျေနပ်ဖွယ်ရာရှိအောင် ဆောင်ရွက်ထားသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း။

**မကြာခင်စတင်မည်**

ဘောလုံးအားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပရာတွင် နိုင်ငံတကာတွင် သတ်မှတ်ထားသည့် စည်းကမ်းများကို မြန်မာနိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန် စနစ်တကျ ရေးဆွဲဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ Myanmar National League ပြိုင်ပွဲများ ကျင်းပသည့်အခါ အိမ်ကွင်း အဝေးကွင်းများဖြင့် မယှဉ်ပြိုင်ဘဲ၊ ရန်ကုန်မြို့၌ ပရိသတ်မပါဘဲ ကျင်းပရန်နှင့် ကျင်းပရာတွင်လည်း အားကစားသမားများ၊ ဒိုင်လူကြီးများနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံးကို ပြိုင်ပွဲအစမှ အဆုံးထိ Camp သွင်းပြီး ဘောလုံးပွဲတစ်လျှောက်ထားရှိကာ ယှဉ်ပြိုင်သွားကြရန် စီစဉ်ထားပါကြောင်း၊ Camp သွင်းရာတွင်လည်း တစ်ဦးနှင့်တစ်ဦး ကူးစက်မှုမရှိစေရန် ကိုဗစ်–၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပါကြောင်း၊ လူ ၃၀၀ ကျော် စစ်ဆေးပြီးဖြစ်ပါကြောင်းနှင့်တစ်ဦးမှ ရောဂါပိုးမတွေ့ရှိပါကြောင်း၊ ထို့ကြောင့် Myanmar National League ပြိုင်ပွဲကို မကြာခင် စတင်နိုင်မည်ဖြစ်ပါကြောင်း။

အောင်ပွဲခံသည့်အခါတွင် တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ခြင်း၊ မိတ်ဆက်ခြင်းများမပြုလုပ်ရန် ညွှန်ကြားပြီး ယင်းအတိုင်း လိုက်နာခြင်း ရှိ၊ မရှိ၊ ဘောလုံးကွင်းအတွင်းနှင့် လေ့ကျင့်ခန်းလုပ်သည့်အချိန်တွင် စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်မှု ရှိ/မရှိကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ပါကြောင်း။

Myanmar National League ပြိုင်ပွဲ၏ အောင်မြင်မှုအပေါ် မူတည်ပြီး တင်ပြထားသည့် ဘောလုံးပြိုင်ပွဲများကို ဆက်လက်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ အခြားအားကစားပြိုင်ပွဲများကိုလည်း သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ တင်ပြလာပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စနစ်တကျ စစ်ဆေးပြီး အားကစားပြိုင်ပွဲများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

**ထိခိုက်မှုများရှိခဲ့**

ဆက်လက်၍ မြန်မာအမျိုးသားလက်ရွေးစင် (ဂိုးသမား) သီဟစည်သူက ဘောလုံးအားကစားသမားအများစုသည် ဆင်းရဲသည့် မိသားစုများမှ မွေးဖွားလာကြပြီး ငယ်စဉ်ကပင် ဘောလုံးကို ရူးသွပ်စွာကစားခဲ့ကာ ဘဝကို ဘောလုံးကစားရင်း ကုန်ဆုံးကြပါကြောင်း၊ ဘောလုံးကစားခြင်းဖြင့် ဘဝကို ရပ်တည်ကြပါကြောင်း၊ ဘောလုံးကစား၍ ရရှိသည့်လစာဖြင့် မိသားစုများကို ထောက်ပံ့နေပါကြောင်း၊ ၂၀၀၉ ခုနှစ်တွင် ပရော်ဖက်ရှင်နယ်လိဂ်အဖြစ်ပြောင်းလဲခဲ့ပြီး ဘောလုံးလောကသားများအားလုံး ဝင်ငွေကောင်းခဲ့ပါကြောင်း၊ ယခုအချိန်တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားလာသည့်အတွက် အတိုင်းအတာတစ်ခုအထိ ထိခိုက်မှုများရှိခဲ့ပါကြောင်း။

မိမိတို့အနေဖြင့် အမြဲထိတွေ့နေသည့် ဘောလုံးအားကစားကို ကိုဗစ်–၁၉ ကြောင့် ၄ လ၊ ၅ လခန့် အဆက်ပြတ်ခဲ့ရပါကြောင်း၊ ထို့ကြောင့် ကြံ့ခိုင်မှုများ၊ စိတ်ဓာတ်ပိုင်းကျဆင်းမှုများ ရှိလာပါကြောင်း၊ ကိုယ်ပိုင်လေ့ကျင့်ခန်းများ ပြုလုပ်ကြပါကြောင်း၊ သို့သော် အသင်းအဖွဲ့နှင့် လေ့ကျင့်ခွင့်၊ အတူတကွ ပြိုင်ပွဲဝင်ခွင့်ကို ပို၍မျှော်လင့်မိပါကြောင်း၊ ဘောလုံးအသင်းပိုင်ရှင်များက ဘောလုံးအားကစားသမားများကို ငွေကြေးကုန်ကျမှုများစွာအကုန်အကျခံပြီး ပံ့ပိုးပေးနေရပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါကြောင့် စီးပွားရေးအခက်အခဲ များစွာရှိသည့်ကြားက ဘောလုံးအားကစားသမားများ အဆင်ပြေအောင် ကူညီပေးနေပါကြောင်း၊ အသင်းပိုင်ရှင်များကိုလည်း ဘောလုံးသမားများအားလုံး ကိုယ်စားကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါကြောင့် ဘောလုံးပွဲများ ရပ်နားထားသည့်အချိန်တွင် အသင်းပိုင်ရှင်များကို ကျေးဇူးဆပ်သည့်အနေဖြင့် မိမိတို့ရရှိသည့် လစာများကိုလျှော့ယူခဲ့ပါကြောင်း၊ လစာလျှော့ယူသည့် အချိန်ကြာလာသည်နှင့်အမျှ ထိခိုက်မှု အနည်းနှင့်အများ ရှိလာပါကြောင်း၊ လစာနည်းသည့် အားကစားသမားများကပို၍ထိခိုက်မှုရှိပါကြောင်း၊ ဘောလုံးအားကစားသမားများအနေဖြင့် နိုင်ငံတကာ ဥပဒေနှင့်အညီ အသင်းများနှင့် စာချုပ်ချုပ်ဆိုရပါကြောင်း၊ စာချုပ်အရ ဘောလုံးကစားခြင်း ရပ်နားထားလျှင်လည်း ကြုံရာကျပန်းလုပ်ငန်းများ လုပ်ဆောင်၍မရပါကြောင်း၊ Myanmar National League တွင် ဘောလုံးသမားများအပြင် အုပ်ချုပ်သူ၊ နည်းပြနှင့် ဘောလုံးလောကသား စုစုပေါင်း လူဦးရေ ၅၀၀၀ ခန့် ပါဝင်ပတ်သက်နေပြီး အပျော်တမ်းကစားနေသည့် ဘောလုံးလောကသားများမှာ စုစုပေါင်းလူဦးရေ ၅၀၀၀၀ ခန့်ရှိပါကြောင်း။

ကစားသမားများသည် ပြိုင်ပွဲဝင်ရန်အတွက် ကြံ့ခိုင်မှုနှင့် အသင်းနှင့်အံဝင်ခွင်ကျ ဖြစ်စေရန် အနည်းဆုံး သုံးပတ်မှ တစ်လအထိ အသင်းနှင့်လေ့ကျင့်ခန်းများ၊ ကိုယ်ပိုင်လေ့ကျင့်ခန်းများလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်မှသာ ပြိုင်ပွဲများကို ပြင်းပြင်းထန်ထန် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စွမ်းဆောင်ရည်များကို အစွမ်းကုန်ပြသနိုင်မည်ဖြစ်ပါကြောင်း၊ အခုအချိန်သည် ကိုဗစ်–၁၉ ရောဂါကြောင့် ၄ လ၊ ၅လ ခန့် ပြိုင်ပွဲများ ရပ်နားသွားသည့်အတွက် ဘောလုံးအားကစားသမားများ ခက်ခဲနေသည့်အချိန် ဖြစ်ပါကြောင်း။

**စနစ်တကျလိုက်နာမည်**

ရပ်နားထားသည့် Myanmar National League အမြန်ဆုံးပြန်လည်ကျင်းပနိုင်ရန် နည်းပြများ၊ အားကစားသမားများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၌ စနစ်တကျ နေထိုင်လျက်ရှိပါကြောင်း၊ Swab စစ်ဆေးခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ပြိုင်ပွဲများ အမြန်ဆုံးကျင်းပနိုင်ရန် ညွှန်ကြားထားသည့်အတိုင်း စနစ်တကျ လိုက်နာမည်ဖြစ်ပါကြောင်း၊ ဘောလုံးလောကသားများအားလုံး မည်သူမျှ ကိုဗစ်ရောဂါ မကူးစက်အောင် နေထိုင်ဆောင်ရွက်ပါမည်ဟု မိမိအနေဖြင့် ကတိပြုပါကြောင်း၊ ပြည်တွင်းပြိုင်ပွဲများကို အမြန်ဆုံးကစားခွင့်ပြုနိုင်ရန် ဘောလုံးလောကသားများကိုယ်စား လေးစားစွာ တင်ပြအပ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က Myanmar National League နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ Myanmar National League ကို Professional League အဖြစ် ၂၀၀၉ ခုနှစ်တွင် ပြောင်းလဲလိုက်ပါကြောင်း၊ ထို့ကြောင့် မြန်မာဘောလုံးအားကစားသမားများသာမက နိုင်ငံတကာ အားကစားသမားများနှင့်ပါ စာချုပ်ချုပ်ဆိုရပါကြောင်း၊ စာချုပ်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့၏ ဥပဒေသများအောက်တွင် လိုက်နာဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်ရှိသည့် မြို့များကို အခြေခံ၍ ကလပ်များကို ဖွဲ့စည်းထားခြင်း ဖြစ်ပါကြောင်း၊ ရန်ကုန်ယူနိုက်တက်၊ ရှမ်းယူနိုက်တက်၊ ရခိုင်ယူနိုက်တက် စသည်ဖြင့် ရှိပါကြောင်း၊ ယင်းအသင်းများ၏ အောင်မြင်မှုသည် မိမိတို့နိုင်ငံကို မြှင့်တင်ပေးသည့် သဘောမျိုးဖြစ်ပါကြောင်း။

ပြည်တွင်းပြိုင်ပွဲများသာမက ကလပ်များတွင် လိဂ် (၁)နှင့် လိဂ်(၂) နှစ်မျိုးရှိပါကြောင်း၊ လိဂ်(၁)တွင် ၁၂ သင်းရှိပြီး လိဂ်(၂)တွင် ရှစ်သင်းရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ အနေအထားနှင့် စီးပွားရေးအရ အသင်းကိုလျှော့၍ ဆောင်ရွက်ရပါကြောင်း၊ ပြည့်စုံသည့် နိုင်ငံများတွင် အသင်း ၂၀၊ ၂၂ သင်း ရှိပါကြောင်း၊ နှစ်သင်းတက် နှစ်သင်းဆင်း ဖြစ်သည့်အတွက် ပြိုင်ပွဲကျင်းပသည့်အခါ ပြိုင်ပွဲ၏ရာသီချိန်အတွင်း ကျင်းပနိုင်မှ အဆင်ပြေမည်ဖြစ်ပါကြောင်း။

**နိုင်ငံတကာဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ**

လက်ရွေးစင်ဘောလုံးအသင်းကို ယင်းလိဂ်ကပင် ရွေးချယ်ရပါကြောင်း၊ မိမိတို့၏ လိဂ်ကို အာရှဘောလုံးအဖွဲ့ချုပ်က ထောက်ပံ့သည့်အပြင် ၎င်းတို့၏ သတ်မှတ်စံချိန်စံညွှန်းနှင့်ညီသည့်အတွက် နိုင်သည့်အသင်း နှစ်သင်းသည် Asian Champion League ကို ကစားခွင့်ရသည့်အပြင် AFC Cup ကိုလည်း ကစားခွင့်ရပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ ပြည်တွင်းကလပ်ပြိုင်ပွဲသည် အပျော်တမ်းမဟုတ်ဘဲ နိုင်ငံတကာအဆင့်သို့ ပြောင်း၍ ကစားသည့်အတွက် မိမိတို့၏ ဘောလုံးသမားများ၏ ဘဝလုံခြုံမှု ကောင်းလာသကဲ့သို့ နိုင်ငံတကာပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားပါကြောင်း။

မိမိတို့အနေဖြင့် နှစ်စဉ်ပြိုင်ပွဲပြက္ခဒိန်ရှိပါကြောင်း၊ အောက်တိုဘာ၊ နိုဝင်ဘာ ဆိုလျှင် ပြိုင်ပွဲပြန်လည်စတင်ရန် ပြက္ခဒိန်ကို ရေးဆွဲထားပါကြောင်း၊ မတ် ၂၀ ရက်တွင် ပြိုင်ပွဲများ ရပ်နားလိုက်ပါကြောင်း၊ ဇူလိုင် ၁၅ ရက်တွင် ပြိုင်ပွဲ ပြန်လည်ကျင်းပနိုင်ရန် စတင်ပြင်ဆင်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လာရောက်ကြည့်ရှုခဲ့ပါကြောင်း၊ အဆောင်များ၊ အကယ်ဒမီများ၊ သင်တန်းကျောင်းများကို COVID Quarantine Center အဖြစ် ပြောင်းလဲခဲ့ပြီး ယနေ့အထိ လူ ၃၀၀၀ ခန့် Camp တွင် ထားရှိပြီး ကျွေးမွေးထားပါကြောင်း၊ မိမိတို့အနေဖြင့် AFC Cup နှင့် ACL တွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လက်ရှိ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကို အနည်းဆုံး ပြိုင်ပွဲလျှော့၍ ကျင်းပမည်ဖြစ်ပါကြောင်း၊

စာမျက်နှာ ၄ သို့ ❍

## ပြည်တွင်းရေးရာ

❍ စာမျက်နှာ ၃ မှ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ခွင့်ပြုပြီးဖြစ်သည့်အတွက် ဝမ်းသာပါကြောင်း၊ ယင်းအပေါ်တွင် မူတည်၍ ပြိုင်ပွဲကို အမြန်ဆုံးကျင်းပခွင့်ရမည်ဆိုပါက ဩဂုတ် ၂၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲများ အောက်တိုဘာတွင် ပြီးစီးသွားပါက တစ်ချိန်တည်းတွင် လက်ရွေးစင်အသင်းအတွက် လူရွေးချယ်မှုကိုပါ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**ကူညီစေလို**

လိဂ်(၁)က ကလပ်နှစ်သင်းသည် လက်ရှိစီးပွားရေး အခြေအနေအရ ရပ်တည်ရန် ခက်ခဲသည့်အတွက် ဖျက်သိမ်းလိုက်ရပါကြောင်း၊ လက်ရှိတွင် လိဂ်(၁)၌ ၁၀ သင်းသာ ကျန်ရှိပါကြောင်း၊ အသင်းပိုင်ရှင်များအနေဖြင့် ဘောလုံးလောက တိုးတက်ရန် ၎င်းတို့၏ ငွေကြေးများ စိုက်ထုတ်၍ ဆောင်ရွက်ပေးနေသကဲ့သို့ မြန်မာနေရှင်နယ်လိဂ်အတွက် MPT ကလည်း စပွန်ဆာပေးပါကြောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်ကို လုံးဝမသုံးစွဲဘဲ ရပ်တည်ခဲ့သည်မှာ ၁၅ နှစ်ရှိပြီဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏ ဘောလုံးအားကစားတိုးတက်ရေးအတွက် ငွေကြေးစိုက်ထုတ်ကြိုးစားလုပ်ဆောင်နေပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ယခုထက်ပို၍ ကူညီပံ့ပိုးပေးစေလိုပါကြောင်း၊ နိုင်ငံတော်အပိုင်းအနေဖြင့်လည်း အသင်းများရပ်တည်ရန် အခက်အခဲများကို ကူညီစေလိုပါကြောင်း၊ ပြိုင်ပွဲများ ပြန်စ၍ရမည့်အချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပါကြောင်း။

ပြိုင်ပွဲများအားလုံးသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့် ဆက်စပ်ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် အာရှဘောလုံးအဖွဲ့ချုပ်၏ အမှုဆောင်အစည်းအဝေးကိုလည်း Video Conference ဖြင့် ကျင်းပပြီးဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအခြေအနေမတူညီသည့်အတွက် နိုင်ငံတကာ ပြိုင်ပွဲများ၏ ပြက္ခဒိန်ကို ရွှေ့ဆိုင်းရန် မေတ္တာရပ်ခံထားပါကြောင်း၊ ပြိုင်ပွဲများ၏ ပြက္ခဒိန်ကို တစ်နိုင်ငံတည်း ရေးဆွဲ၍ မရပါကြောင်း၊ အားလုံးညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတကာပြိုင်ပွဲများတင်မက အမျိုးသမီးလိဂ်ကိုလည်း ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်စတင်ကျင်းပနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဖူဆယ်နှင့် သက်တမ်းအလိုက်ပွဲများလည်းရှိပါကြောင်း၊ ထို့ကြောင့်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို မိမိတို့ ဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် စနစ်တကျဖြင့် ဒီဇင်ဘာလအထိ Plan ပေးထားလိုပါကြောင်း၊ ယင်းအပေါ်တွင် စဉ်းစား၍ ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

**အကျပ်အတည်းဆုံးအခက်အခဲ**

ပရိသတ်မရှိသော်လည်း မိမိတို့၏ ပြိုင်ပွဲများကို MRTV အနေဖြင့် ပြသပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ အကယ်ဒမီကျောင်းများတွင် ကျောင်းအိပ်၊ ကျောင်းစားအဖြစ် (၁၂)နှစ်သားကတည်းက မွေးထားပြီး အတန်းပညာနှင့် ဘောလုံးပညာသင်ကြားပေးပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အဆောင်နေ ကစားသမားများကို ခွင့်ပြုပြီဆိုပါက ကလေးများကို ခေါ်ယူကစား၍ ရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ စပွန်ဆာများအနေဖြင့်လည်း တစ်နိုင်ငံလုံးတွင်သာမက တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စီးပွားရေးကျဆင်းသည့်အတွက် စာချုပ်များအပေါ်တွင် ၅၀ ရာခိုင်နှုန်း၊ ၆၀ ရာခိုင်နှုန်း ချလာခြင်းများ ရှိပါကြောင်း၊ ယန္တရားလည်ပတ်ရန် နိုင်ငံတော်ဘတ်ဂျက်ဖြင့် သွားခြင်းမဟုတ်ပါကြောင်း၊ ဝင်ငွေအပေါ်တွင် မူတည်၍ ဆောင်ရွက်ရသောကြောင့် အားလုံးပြန်လည်သုံးသပ်၍ အသုံးစရိတ်များနှင့် ပွဲစဉ်များကိုလည်း လျှော့ချရပါကြောင်း၊ ယင်းတို့မှာ အကျပ်တည်းဆုံး အခက်အခဲဖြစ်ပါကြောင်း။

ကိုဗစ်နှင့်ပတ်သက်၍ တစ်ကမ္ဘာလုံး အတိုင်းအတာတွင် အာဆီယံအနေဖြင့် မိမိတို့အနေအထားသည် အကောင်းဆုံးဖြစ်ပါကြောင်း၊ ယင်းမှာ နိုင်ငံတော်အကြီးအကဲများ၏ ကြိုးစားဆောင်ရွက်မှု၊ ပြည်သူပြည်သားများ၏ စည်းကမ်းလိုက်နာမှုတို့ကြောင့် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြန်လည်ခွင့်ပြု၍ ကျင်းပမည့်ပြိုင်ပွဲများသည် ကမ္ဘာ၊ အာရှတို့နှင့်ဆက်စပ်ပြီး ဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် စနစ်တကျပြင်ဆင်၍ မိမိတို့ဘက်မှ ညွှန်ကြားချက်များကို ၎င်းတို့ဆီပေးပို့ကာ အားကစားပြိုင်ပွဲပြက္ခဒိန်ကို ပြန်လည်ညှိရသည့် အပိုင်းရှိပါကြောင်း။

ကျောင်းများတွင် အားကစားပြိုင်ပွဲမရှိဘဲ နိုင်ငံအဆင့် ချန်ပီယံဖြစ်ခဲ့သည့် အကောင်းဆုံးအခြေအနေမျိုး ပြန်ရောက်ရန် မည်သို့မျှ မဖြစ်နိုင်သည့်အတွက် အခြေခံအသက် ခြောက်နှစ်၊ ရှစ်နှစ်၊ (၁၀) နှစ်အရွယ်ကနေ ကစားခြင်း ကို နိုင်ငံတော်အနေဖြင့် လာမည့်နှစ် ဘတ်ဂျက်ဆွဲသည့်အခါတွင် ထည့်သွင်းစဉ်းစား၍ ကူညီပံ့ပိုးပေးစေလိုပါကြောင်း၊ အား/ကာသိပ္ပံများတွင်လည်း ဘောလုံးအားကစားကို ဆက်လက်ထည့်သွင်းပေးစေလိုပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ဆွေးနွေးချက်များအပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက ပြန်လည်ဆွေးနွေးရာတွင် စာသင်ကျောင်းများမှစတင်၍ အားကစားပြိုင်ပွဲများ ပြုလုပ်နိုင်ရန် စီစဉ်ထားမှုများရှိပါကြောင်း၊ ကိုဗစ်ကာလ ပြီးသည့်အချိန်တွင် ယခင်ကကဲ့သို့ ကျောင်းအားကစားပြိုင်ပွဲများကို ပြန်လည်ကျင်းပရန် စီစဉ်မည်ဖြစ်ပါကြောင်း၊ အား/ကာသိပ္ပံများတွင် ဘောလုံးအားကစားဆက်လက်ထားရှိရေး ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ရေရှည်အစီအစဉ်တွင် ပါရှိပြီးဖြစ်ပါကြောင်း၊ ဗဟိုကော်မတီတွင် ဆွေးနွေးပြီး ဘော်ဒါဆောင်များနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ရချိန်တွင် အကယ်ဒမီသိပ္ပံကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

ရုရှားက ကိုဗစ်ကာကွယ်ဆေး စတင်တွေ့ရှိသည်ဟု သိရပါကြောင်း၊ WHO က အရည်သွေး ပြည့်မီ၊ မမီ ရုရှားမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်ဟု သိရပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် WHO နှင့် ဆွေးနွေးထားသည်များ ရှိပါကြောင်း၊ WHO သည် ကိုဗစ်ကာကွယ်ဆေး တရားဝင်ရရှိပါက ဝင်ငွေနည်းသည့် နိုင်ငံများနှင့် အလယ်အလတ်ရှိသည့် နိုင်ငံများပါ မကျန်ရှိစေရေးအတွက် သက်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံပေါင်းစုံ ရရှိရေးအတွက် အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်နေသည့် ဝန်ထမ်းများကို ဦးစားပေးပြီး ရရှိရန်အတွက် စီစဉ်ထားပါကြောင်း၊ ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် တစ်ဆင့်ချင်း စနစ်တကျ သတိကြီးစွာ ဖြေလျှော့မှုလုပ်ဆောင်ပေးနေပါကြောင်း၊ ပြည်သူလူထုကလည်း အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ပေးထားသည့် တစ်ဦးချင်းလိုက်နာရမည့် စည်းကမ်းများကို ပို၍လိုက်နာခြင်းအားဖြင့် ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

> ❂ **အားကစားသမားစိတ်ဓာတ်သည် နိုင်ရုံဖြင့် မပြီးပါကြောင်း၊ ရှုံးသည့်အခါတွင်လည်း ကြံ့ကြံ့ခံနိုင်ရမည် ဖြစ်ပါကြောင်း၊ ပြန်လည် အနိုင်ယူနိုင်အောင် လုပ်ဆောင်နိုင်သည့် အင်အားကိုလည်း မွေးနိုင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားကစားသမား စိတ်ဓာတ်ကို များစွာတန်ဖိုးထားပါကြောင်း၊ တန်ဖိုးထားသည့်အတိုင်း အားကစားသမားများကို ပြုစုပျိုးထောင်ပေးလို**

**ပုံမှန်အတိုင်းပြန်လည်ကစားစေလို**

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်းပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဘောလုံးသမားများကို ပုံမှန်အတိုင်း အမြန်ဆုံး ပြန်လည်ကစားစေလိုပါကြောင်း၊ ထို့အတူ နိုင်ငံကိုလည်း ပုံမှန်အတိုင်း အမြန်ဆုံးပြန်လည်လည်ပတ်စေလိုပါကြောင်း၊ ကာကွယ်ဆေးရပြီဆိုသည့် သတင်းကိုလည်း သေချာစိစစ်ရဦးမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကိစ္စများကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိတ်ချရပြီဆိုပါက ဘောလုံးအားကစားပြိုင်ပွဲများကို အမြန်ဆုံးကျင်းပနိုင်ရန် ဆောင်ရွက်ပေးစေလိုပါကြောင်း။

ဘောလုံးအားကစားသမားများ ၄ လ၊ ၅ လခန့် လေ့ကျင့်မှုမရှိသည့်အခါ အနည်းငယ်စွမ်းရည်ကျလာမှုအပေါ် ကျန်းမာရေးဘက်မှ မည်သို့အကူအညီပေးနိုင်မည်ကို သိရှိလိုပါကြောင်း၊ ယခုအခါ Quarantine ဝင်နေချိန်တွင် စနစ်တကျ အထူးလေ့ကျင့်ခန်းများနှင့် စွမ်းရည်ပြန်တက်လာစေရန် အစားအသောက်၊ အနေအထိုင်ကို စနစ်တကျ ဆောင်ရွက်ပေးရန် လွယ်ကူနိုင်ပါကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကူညီသကဲ့သို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အစိုးရကို ကိုယ်စားပြု၍ တတ်နိုင်သည့်ဘက်မှ ကူညီပေးစေလိုပါကြောင်း၊ အားကစားလောက အောင်မြင်ခြင်းသည် နိုင်ငံ၏အောင်မြင်ခြင်းနှင့် နိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်ပါကြောင်း၊ တစ်ချိန်က မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အာရှ၌ ထိပ်တန်းဖြစ်ခဲ့ပါကြောင်း၊ ယခုအချိန်အထိ သတိရနေပါကြောင်း၊ ထိုသို့ ပြန်လည်ဖြစ်စေရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း။

အခြေခံအားဖြင့် ပြည်သူများ၏ ကျန်းမာရေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ ဘောလုံးသမားများသည် ပထမပိုင်းတွင် အင်တိုက်အားတိုက်ကစားပြီး ဒုတိယပိုင်းတွင် ကစားအားကျသွားခြင်းမှာ ငယ်စဉ်ကတည်းက အာဟာရမပြည့်ဝခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ အသက်ကြီးမှ ပြန်ပြင်ရန် ခက်ခဲပါကြောင်း၊ မွေးကတည်းက စနစ်တကျ အာဟာရပြည့်ဝစွာ စားခဲ့ရသူများနှင့် မွေးကတည်းက အာဟာရပြည့်ဝစွာ မစားခဲ့ရသည့်သူများသည် ရေရှည်ခံနိုင်ရည်ရှိမှုခြင်း မတူပါကြောင်း၊ ကမ္ဘာ့အဆင့်အတန်းမီရန် များစွာကြိုးစားရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးဘက်က ကြိုးစားသကဲ့သို့ အားကစားဘက်ကလည်း ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျပြီး အရေးကြီးပါကြောင်း၊ အဖွဲ့အစည်းနှင့် ဆောင်ရွက်ပါက အမှန်တကယ် အောင်မြင်မှုရရှိမည် ဖြစ်ပါကြောင်း။

တချို့အားကစားများကို တစ်ဦးတည်း လုပ်ဆောင်၍ ရသည်ဟု တချို့က ထင်ကြပါကြောင်း၊ ဥပမာ- ရေကူးချန်ပီယံတစ်ဦးသည် တစ်ဦးချင်းပြိုင်ပွဲများဖြစ်သည့်အတွက် ၎င်းတစ်ဦးတည်း အနိုင်ရသွားပါကြောင်း၊ ထိုသို့ အနိုင်ရရှိရန်အတွက် ၎င်းအား လေ့ကျင့်ပြုစုပျိုးထောင်လာသည့်တစ်လျှောက်တွင် တခြားသူများပါလာသည်ကို မေ့၍ မရပါကြောင်း၊ ၎င်းအား ပြုစုပျိုးထောင်ပေးခဲ့သည့် မိသားစု၊ သင်ကြားပေးသည့် နည်းပြဆရာများ အဆင့်ဆင့်ရှိပါကြောင်း၊ မည်သူမှတစ်ဦးတည်း တတ်လာခြင်း မရှိပါကြောင်း၊ ဘေးတွင်ပတ်ဝန်းကျင်၊ အစုအဖွဲ့နှင့် ဝန်းရံထားသည့်သူများ ရှိပါကြောင်း၊ ယင်းအချက်သည် များစွာအရေးကြီးပါကြောင်း၊ ဘောလုံးလောကသည် ယင်းအချက်ကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် ပြသနေသည့်အတွက် များစွာသဘောကျပါကြောင်း၊ ဝါသနာအပြင် စိတ်ဓာတ်ရေးရာအရ ပူးပေါင်းဆောင်ရွက်ခြင်းသည် ဘောလုံးကစားခြင်းအတွက် များစွာအရေးကြီးပါကြောင်း။

**များစွာကောင်းသည့်စိတ်ဓာတ်**

ဘောလုံးသမားများကို လူငယ်များအတွက် စံပြဖြစ်စေလိုပါကြောင်း၊ အရာရာတွင် စံပြဖြစ်ရမည်ဟု ပြောခြင်း မဟုတ်ပါကြောင်း၊ ဘောလုံးသမားများပေးနိုင်သည့် စံပြသည် အစုအဖွဲ့နှင့် လုပ်ဆောင်ခြင်းဖြစ်ပါကြောင်း၊ တစ်ဦးကောင်း တစ်ယောက်ကောင်းမဟုတ်ဘဲ မိမိအရည်အချင်းတက်ရန်အတွက် မိမိ၏ ရဲဘော်ရဲဘက်များကို အားကိုးရသကဲ့သို့ မိမိကလည်း မိမိ၏ရဲဘော်ရဲဘက်များ အရည်အချင်းတက်ရန် ဝိုင်းဝန်းပံ့ပိုးရပါကြောင်း၊ ယင်းကို ပြသနိုင်ခြင်းသည် မိမိတို့နိုင်ငံအတွက် များစွာကောင်းပါကြောင်း၊ ထွန်းသစ်စနိုင်ငံ၊ ဖွံ့ဖြိုးမှုကို စတင်သည့် နိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအတွက်ဆိုလျှင် ယင်းစိတ်ဓာတ်နှင့် အလေ့အကျင့်သည် များစွာကောင်းပါကြောင်း၊ ဘောလုံးသမားများ လစာလျှော့ယူနေခြင်းသည် မိမိကို ကူညီနေသူများ၊ အသင်းကို ပံ့ပိုးပေးသူများ သက်သာစေရန်အတွက် ဖြစ်ပါကြောင်း၊ ယင်းစိတ်ဓာတ်သည် များစွာကောင်းသည့် စိတ်ဓာတ်ဖြစ်ပါကြောင်း၊ အားလုံးစုပေါင်းပြီး အင်အားတစ်ခုတည်ဆောက်၍ရကြောင်း ပြသခြင်းသည် များစွာကောင်းပါကြောင်း၊ ယင်းမှာ ဘောလုံးသမားကောင်း၏ စိတ်ဓာတ်ဖြစ်ပါကြောင်း။

ဘောလုံးသမားကောင်း၏ စိတ်ဓာတ်မှာ အသင်းအဖွဲ့ကောင်းတစ်ခု၏ စိတ်ဓာတ်ဖြစ်ပါကြောင်း၊ အသင်းအဖွဲ့ကောင်းတစ်ခု၏ စိတ်ဓာတ်သည် နိုင်ငံတစ်ခု၏ စိတ်ဓာတ်ဖြစ်သင့်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားအားလုံးသည် အသင်းအဖွဲ့ကောင်းတစ်ခု စိတ်ဓာတ်ဖြင့် အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက နိုင်ငံ၏တိုးတက်မှုသည် စိတ်ချရပါကြောင်း၊ Myanmar National League ပြိုင်ပွဲများ ပြန်လည်စတင်နိုင်ရန် ဆောင်ရွက်ထားမှုများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့် ကိုက်ညီသကဲ့သို့ တစ်နိုင်ငံလုံး၏ လိုအပ်ချက်နှင့်လည်း ကိုက်ညီပါကြောင်း၊ ထို့ကြောင့် Myanmar National League ပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်မည်ဆိုသည့်အတွက် ဝမ်းသာပါကြောင်း ပြန်လည်ဆွေးနွေး သုံးသပ်ပြောကြားသည်။

**များစွာအားပေးလို**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်စကားပြောကြားရာတွင် ဘောလုံးအားကစားကို အားကစားအနေဖြင့်သာမက စိတ်ဓာတ်ရေးရာအနေဖြင့်ပါ များစွာအားပေးလိုပါကြောင်း၊ ကျောင်းများမှ စတင်၍ ဘောလုံးအားကစားကို အားပေးရမည်ဖြစ်ပါကြောင်း၊ မြို့တိုင်းတွင် ဘောလုံးကွင်းရှိသည်ဆိုသည့် အခြေအနေဖြစ်စေရန် ကြိုးစားပေးကြရန် ပြောကြားထားပါကြောင်း၊ လုပ်ငန်းရှင်များ ထောက်ပံ့နိုင်ရန်မှာ ၎င်းတို့အနေဖြင့်လည်း စီးပွားရေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ အားကစားသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကိုဗစ်နှင့်ပတ်သက်၍ ဘောလုံးအားကစားအစီအစဉ်များ ရေးဆွဲတင်ပြထားသည်မှာ ကောင်းမွန်ပါကြောင်း၊ ကိုဗစ်နှင့်ပတ်သက်ပြီး ဗဟိုကော်မတီက ၁၅ ရက်တစ်ကြိမ် တွေ့ဆုံ၍ မည်သို့ဖြေလျှော့ပေးနိုင်မည်ကို ဆွေးနွေးကြပါကြောင်း။

အကယ်ဒမီများကိစ္စကိုလည်း ထည့်သွင်းစဉ်းစားမည်ဖြစ်ပါကြောင်း၊ ဘော်ဒါဆောင်များကိစ္စလည်း စဉ်းစားရန် တင်ပြလာခြင်းရှိပါကြောင်း၊ ယင်းနှစ်ခုသည် ဆက်စပ်နေပါကြောင်း၊ အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်သည်မှာ တစ်လခန့် ရှိပြီဖြစ်ပါကြောင်း၊ ယင်းအပေါ်အခြေခံ၍ မည်သို့ဖြေလျှော့မှုများ ပြုလုပ်ပေးနိုင်မည်ကို စဉ်းစားနေပါကြောင်း၊ ဘောလုံးအားကစားလောက တစ်ခုတည်းသာမက တစ်နိုင်ငံလုံးကို အမြန်ဆုံး ပုံမှန်ပြန်လည်ဖြစ်စေလိုပါကြောင်း၊ သို့သော် လုံခြုံသည့်နည်းလမ်းဖြင့် ဖြစ်စေလိုပါကြောင်း၊ တချို့နိုင်ငံများတွင် ပြည်သူများ၏ ဖိအားပေးမှုကြောင့် ဖြေလျှော့ပေးမှုစောသည့်အတွက် ကိုဗစ်ဒုတိယလှိုင်း ဝင်လာပါကြောင်း၊ ထို့ကြောင့် စည်းကမ်းများကို ပြန်လည်တင်းကျပ်ရသည့်အတွက် နိုင်ငံ ပိုမိုနစ်နာပါကြောင်း၊ ယခုအချိန်တွင် ဘောလုံးပွဲများ ပြန်လည်စနိုင်မည်ဆိုပါက ပြည်သူများစိတ်ဓာတ်တက်ကြွလာမည်ဟု ယုံကြည်ပါကြောင်း၊ ရုပ်မြင်သံကြားတွင် ပြသရန် မခက်ခဲပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စီစဉ်ပေးမည်ဖြစ်ပါကြောင်း၊ ဘောလုံးပွဲများ ကြည့်ခြင်းဖြင့် ပြည်သူများအတွက်လည်း များစွာစိတ်ရွှင်လန်းစရာ ဖြစ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် အဘက်ဘက်မှ လုပ်ပေးနိုင်သည်များကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ၊ ချမ်းသာသည့်နိုင်ငံ မဟုတ်သေးသော်လည်း စိတ်ဓာတ်အရ တတ်နိုင်သမျှ ပံ့ပိုးပေးရန် အဆင်သင့်ရှိသည့်အတွက် ပံ့ပိုးနိုင်မည်ဟုယုံကြည်ပါကြောင်း၊ ကိုဗစ်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံကို ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ ပြဿနာဖြစ်မည်ဟု ထင်မြင်ကြသူများရှိပါကြောင်း၊ ယခုအခါ ထင်မြင်သလို မဟုတ်သည်ကို လိုလိုလားလားဖြင့် ဝန်ခံသူများရှိပါကြောင်း၊ အရေးကြီးသည်မှာ ရရှိထားသည့် အောင်မြင်မှုကို အားကစားသမားစိတ်ဓာတ်ဖြင့် ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်း။

**ပြုစုပျိုးထောင်ပေးလို**

အားကစားသမားစိတ်ဓာတ်သည် နိုင်ရုံဖြင့် မပြီးပါကြောင်း၊ ရှုံးသည့်အခါတွင်လည်း ကြံ့ကြံ့ခံနိုင်ရမည်ဖြစ်ပါကြောင်း၊ ပြန်လည် အနိုင်ယူနိုင်အောင် လုပ်ဆောင်နိုင်သည့် အင်အားကိုလည်း မွေးနိုင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားကစားသမား စိတ်ဓာတ်ကို များစွာတန်ဖိုးထားပါကြောင်း၊ တန်ဖိုးထားသည့်အတိုင်း အားကစားသမားများကို ပြုစုပျိုးထောင်ပေးလိုပါကြောင်း။

တစ်ကမ္ဘာလုံးတွင် လူအများဆုံး စိတ်ဝင်စားပြီး ဝိုင်းဝန်းထောက်ခံသည်မှာ ဘောလုံးအားကစားဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဘောလုံးလောကကို တိုးတက်ဖွံ့ဖြိုးစေချင်ပါကြောင်း၊ ကိုဗစ်ကြောင့် ပြဿနာများ ရင်ဆိုင်နေရသည်ကို သဘောပေါက်နားလည်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ကူညီမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင်ရှိသည့် အရင်းအမြစ်များသည် ပြည်သူပြည်သားများအတွက် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် အဓိကမှာ ပြည်သူပြည်သားများဖြစ်ပါကြောင်း၊ နိုင်ငံ့အရင်းအမြစ်၊ နိုင်ငံ့ချမ်းသာမှုအားလုံးသည် ပြည်သူပြည်သားများအတွက်ဖြစ်ပါကြောင်း၊ နိုင်ငံချမ်းသာလာသည်နှင့်အမျှ ပြည်သူပြည်သားများ ချမ်းသာရန် နှင့် အားကစားသမားများ တိုးတက်ရန်အတွက် ဖြစ်စေရမည်ဖြစ်ပါကြောင်း၊ ဘောလုံးလောက အမြန်ဆုံးပုံမှန်ဖြစ်သွားရန် စီစဉ်ပေးမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲများကိုလည်း အမြန်ဆုံးစတင်နိုင်ရန်နှင့် ရုပ်မြင်သံကြားတွင် ပြသနိုင်စေရန် တတ်နိုင်သမျှ ဝိုင်းဝန်းပံ့ပိုး စီစဉ်ပေးမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တီးတိန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❒ ဒုတိယသမ္မတမှ

ဘိုင်ကျေးရွာ အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် သိန်း ၃၀၀ နှင့် ကလေးမြို့နယ် မြောက်စည်းကျေးရွာ အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၄၅ သိန်းတို့ကို အမျိုးသားသဘာဝဘေးရန်ပုံငွေမှ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကလေးမြို့မှ ချင်းပြည်နယ် တီးတိန်မြို့နယ်ရှိ ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ထေးဇန်) သို့ ရောက်ရှိကြရာ ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်မျိုးဦးက ကော်ဖီခြံအတွင်း ကော်ဖီစေ့ပျိုးထောင်ပြီး ဒေသခံကော်ဖီစိုက်တောင်သူများအား ဖြန့်ဖြူးပေးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

**ပျိုးထောင်ဖြန့်ဖြူးသည့်စနစ် ကျင့်သုံး**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ကော်ဖီပျိုးပင်များကို အခြားဒေသများမှ သယ်ယူစိုက်ပျိုးပါက သယ်ယူစရိတ်ပိုမိုကုန်ကျခြင်း၊ လမ်းခရီးတွင် လေလွင့်ပျက်စီးမှုရှိနိုင်ခြင်း၊ စိုက်ပျိုးရန် လိုအပ်သည့်အချိန်တွင် လိုအပ်သည့်အရေအတွက် မရနိုင်ခြင်း စသည့် ကန့်သတ်ချက်များရှိသည့်အတွက် ဝေးလံသည့်ဒေသများရှိ ကော်ဖီစိုက်တောင်သူများထံသို့ ကော်ဖီပျိုးပင်များကို စိုက်ပျိုးရေးပျိုးခြံမှ သယ်ယူစိုက်ပျိုးစေခြင်းအစား ကော်ဖီစိုက်ပျိုးရာဒေသများတွင် ကော်ဖီအစေ့ဖြင့် ပျိုးထောင်ဖြန့်ဖြူးသည့်စနစ်ကို ကျင့်သုံးရန် မှာကြားသည်။

အဆိုပါခြံသည် ဧရိယာ ၈၂ ဧက ကျယ်ဝန်းပြီး ၃၁ ဒသမ ၈ ဧကတွင် ကော်ဖီပင်များ စိုက်ပျိုးထားကာ ယင်းခြံမှ အာရေးဗီးကားကုန်းမြင့်ကော်ဖီပျိုးပင် ၃၈၀၀၀ ကို ကော်ဖီစိုက်တောင်သူများအား ယခုနှစ် မိုးရာသီအတွင်း အခမဲ့ ဖြန့်ဖြူးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နောင်နှစ်တွင် ကော်ဖီပျိုးပင် ၅၀၀၀၀ ကျော် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ် တစ်ပြည်နယ်လုံးအတွက် ကော်ဖီပျိုးပင် လေးသိန်းကျော် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် တီးတိန်မြို့သို့ ရောက်ရှိပြီး တီးတိန်မြို့ မိုးလုံလေလုံအားကစားရုံသစ် (ဘွာလ်ဇန်အားကစားရုံ) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ချင်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်က အားကစားရုံသစ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက အဆောက်အအုံကို ရေရှည်အသုံးပြုနိုင်ရေး သတ်မှတ်စံချိန်စံညွှန်းမီစွာ ဆောက်လုပ်ရန်နှင့် စနစ်တကျ ဆက်လက်ထိန်းသိမ်းနိုင်ရေး မှာကြားသည်။

အဆိုပါ အားကစားရုံသစ်သည် အလျားပေ ၁၂၀၊ အနံ ပေ ၉၀၊ အမြင့် ၃၆ ပေရှိကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၄၇ ဒသမ ၅ သန်းဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆောက်အအုံသစ် ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးရာ Equal Construction and Decoration Co.,ltd. စီမံကိန်းမန်နေဂျာ ဦးအောင်ခန့်မင်းက အဆောက်အအုံသစ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အဆောက်အအုံသစ်သည် အလျားပေ ၁၄၀၊ အနံ ၃၄ ပေ၊ အမြင့် ၂၄ ပေရှိပြီး သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ကာ အဆောက်အအုံ စီမံကိန်းတန်ဖိုး ငွေကျပ် ၃၈၄ ဒသမ ၃၂၇ သန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးနိုင်ရေးအတွက် ပြည်ပရှိ မြန်မာသံရုံးအကြီးအကဲများနှင့် Video Conferencing စနစ်ဖြင့် တွေ့ဆုံညှိနှိုင်း

**နေပြည်တော် ဩဂုတ် ၁၂**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံပြင်ပရောက်ရှိနေကြသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ယမန်နေ့ ညနေ ၆ နာရီတွင် မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး အကြီးအကဲများနှင့် Video Conferencing စနစ်ဖြင့်တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းသည်။



အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲရင့်လွင်နှင့် ပြည်ပရှိ မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံး ၄၅ ရုံးမှ မြန်မာသံအမတ်ကြီးများ၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်များ၊ မြန်မာကောင်စစ်ဝန်ချုပ်များနှင့် သံရုံးယာယီတာဝန်ခံများ တက်ရောက်ကြသည်။

တွေ့ဆုံညှိနှိုင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ လာမည့် အထွေထွေရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံနိုင်မှုရှိပြီး မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒနှင့် မဲရလဒ် တစ်ထပ်တည်းဖြစ်သော ရွေးကောက်ပွဲဖြစ်စေရန်၊ ပြည်ပရောက် မဲပေးပိုင်ခွင့်ရှိသူ မဲပေးခွင့် မဆုံးရှုံးစေရေး၊ ကြိုတင်မဲဆန္ဒပေးနိုင်ရေးအတွက် စနစ်တကျ ပြင်ဆင်ထားကြရန်နှင့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက မိမိတို့ကျရာကဏ္ဍမှ ပံ့ပိုးကူညီသွားကြရန် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ထားပါကြောင်း၊ ယခုနှစ် ရွေးကောက်ပွဲကာလမှာ ကိုဗစ်-၁၉ ကာလဖြစ်နေခြင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ ရပ်နားထားချိန်ဖြစ်ခြင်းတို့ကြောင့် ဆန္ဒမဲပြားများ အမှားအယွင်းမရှိ အချိန်နှင့်တစ်ပြေးညီ ပေးပို့ရောက်ရှိနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံးများ သုံးပွင့်ဆိုင်ညှိနှိုင်းရန် အရေးကြီးပါကြောင်း။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ (၄၇)(ခ)တွင် နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်ပတွင် ကြိုတင်မဲပေးရေးလုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာပြီး အဆင်ပြေချောမွေ့စွာ ကျင်းပပေးနိုင်ရေးအတွက် ကြိုးပမ်းကြရမှာဖြစ်ကြောင်း၊ သံရုံးများအားလုံးသို့ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်သည့် “အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်” အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားနိုင်ရန်အတွက် အဆိုပါလုပ်ငန်းလမ်းညွှန်ကို ကျေညက်စွာ ကြိုတင်ဖတ်ရှုထားကြရန် အထူးအလေးပေး ပြောကြားလိုကြောင်း၊ ကျန်းမာရေးဆိုင်ရာ လုံခြုံမှုရှိရေး၊ မဲရုံနှင့် ဆန္ဒမဲပြားများ လုံခြုံရေးကိုလည်း စီမံချက်များရေးဆွဲပြီး စနစ်တကျ ပြင်ဆင်ထားကြရမှာဖြစ်ကြောင်း၊ ယခင် ရွေးကောက်ပွဲအတွေ့အကြုံများအရ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာယူပြီး အဆင်ပြေအောင် ဆောင်ရွက်သွားကြရန် အလေးထား ပြောကြားလိုကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲစာရင်း၊ ဆန္ဒမဲပြားပေးပို့မှုများ လွဲမှားမှုမရှိစေရေးနှင့် ပြည့်စုံမှုရှိစေရေးအတွက်လည်း နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာသံရုံးများအနေဖြင့် ပြည်ပတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးကိစ္စများနှင့် ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိစ္စရပ်များကို ဝန်ထမ်းအင်အား အကန့်အသတ်ဖြင့် မနားမနေ ကြိုးပမ်းဆောင်ရွက်နေကြသည်ကို သိရှိပါကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံသားများမှ သံရုံးများသို့ မေးမြန်းစုံစမ်းသည့် ကိစ္စရပ်များကို သံရုံးတာဝန်ရှိသူများက စိတ်ရှည်သည်းခံ၍ ပြေလည်အောင် ဆက်ဆံရှင်းလင်းဖြေကြားကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးရေးအတွက် မဲဆန္ဒရှင်များက ပုံစံ(၁၅)အား ဩဂုတ် ၅ ရက်မတိုင်မီ ဖြည့်စွက်ပေးပို့ကြစေရန် သတ်မှတ်ထားရှိခဲ့သော်လည်း ယခုအခါ နိုင်ငံသားများ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် ရက်တိုး၍ လက်ခံပေးရန်ကိစ္စ၊ ပြည်တွင်းရှိ မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်မပါရှိသေးပါက မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုသည့် ပုံစံ(၃)ကို ဖြည့်စွက်၍ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် ဩဂုတ် ၁၇ ရက်မတိုင်မီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ရေးကိစ္စ၊ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ စိစစ်ပြီးသည့် ပုံစံ(၁၅)နှင့် ပုံစံ(၃)တို့အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အချိန်မီ ပြန်လည်ပေးပို့ရေး၊ ကြိုတင်ဆန္ဒမဲလက်မှတ်များ မြန်မာသံရုံးများသို့ ပေးပို့ရေးနှင့် လျှို့ဝှက်ဆန္ဒပြုပြီး မဲလက်မှတ်များအား စနစ်တကျ လုံခြုံစွာဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အချိန်မီ ပြန်လည်ပေးပို့ရေးအတွက် ဆောင်ရွက်ရန် နည်းလမ်းအစီအမံဆိုင်ရာကိစ္စရပ်များ၊ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် မဲရုံများဖွင့်လှစ်ရေးနှင့် နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများမှ ချမှတ်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆန္ဒမဲပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီမံချက်များ ရေးဆွဲဆောင်ရွက်သွားနိုင်ရေးနှင့် မရှင်းလင်းသည်များရှိပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သက်ဆိုင်ရာ တာဝန်ရှိသူနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ရန် Hotline စီစဉ်ပေးရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ သံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်ချုပ်များနှင့် သံရုံးယာယီတာဝန်ခံများက ပြန်လည်ဆွေးနွေးမေးမြန်းချက်များအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲရင့်လွင်တို့က ရှင်းလင်းဖြေကြားခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်နှင့်ယှဉ်တွဲလို့ - ကြိုးစားစို့

ဒေါက်တာသိန်းဆွေ(ပြည်သူ့ကျန်းမာ)

**တိုက်စားခံရခြင်း**

ဆောင်းနှောင်းနှင်းတို့သည်လည်း လွင့်ပါးပျောက်ခဲ့ပြီ၊ နွေဦးကြိုငှက်ဥသြတို့သည်လည်း တိတ်တခိုးနှင့် သတိမမူမိခင်တွင် ပုန်းအောင်းပျောက်ကွယ်ခဲ့ပြန်၏။ ထို့အတူပင် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတို့သည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ကျော်လွန်ခဲ့ခြင်းသည် မြန်မာ့ရိုးရာသမိုင်းတွင် မကြုံဖူးသောဖြစ်ရပ်ထူးတစ်ရပ်ပမာ ကျော်လွန်ခဲ့ပြီဖြစ်ပေသည်။ ထိုသို့သောရာသီအလိုက် ဖြစ်စဉ်တို့သည် ပုံမှန်အနေအထားမှ ကိုဗစ်-၁၉ ၏ တိုက်စားခံရခြင်းကြောင့် အချိန်ကာလတို့သည်လည်းကောင်း၊ တစ်ဦးချင်း၏ ပုံမှန်လုပ်ငန်းတို့သည်လည်းကောင်း အလျင်အမြန်ကုန်ဆုံးသွားသကဲ့သို့ မြန်ဆန်လှစွာဖြင့် ယခုဆိုလျှင် ခုနစ်လတာကာလ ကျော်လွန်ခဲ့ပြီဖြစ်ပါ၏။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ မုန်တိုင်းထန်မှုကြောင့် ဩဂုတ် ၁၂ ရက်ဆိုလျှင် လူပေါင်း ၂၀၅၉၂၄၂၈ ဦး တို့သည် ရောဂါကူးစက်ခံနေရပြီး အသက်ပေါင်း ၇၄၇၁၄၀ ဦးခန့် ပေးဆပ်ခဲ့ကြရပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဩဂုတ် ၁၂ ရက်အထိ ကူးစက်ခံရသူပေါင်း ၃၆၁၊ သေဆုံးသူ ခြောက်ဦး ရှိနေသည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရပေသည်။ ထိုကိုဗစ်မုန်တိုင်း တိုက်ခိုက်မှုကြောင့် ခရီးသွားလုပ်ငန်းများ၊ ပုံမှန်ကုန်သွယ်လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများစသည်တို့နှင့်အတူ ပညာသင်ကြားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပါအဝင် အခြားသော နေ့စဉ်ဆောင်ရွက်မြဲလုပ်ငန်းအတော်များများ ရပ်တန့်တုံ့နှေး တိုက်စားခံရသည်ကို တွေ့မြင်နိုင်ပါ၏။


ထိုသို့သော တုံ့နှေး၊ နှေးကွေးသွားသော လုပ်ငန်းများအနက် ပညာရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ရောဂါကာကွယ်ရေးစနစ်များဖြင့် ပြန်လည်စတင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ကျန်းမာရေးဌာနအနေဖြင့်လည်း ကန့်သတ်ချက်များကြားမှ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ အဓိကလုပ်ငန်းရပ်များဖြစ်သော ကုသရေးလုပ်ငန်းများအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သော မိခင်ကလေးကျန်းမာရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများစသည်တို့ ပြန်လည်စတင်ဆောင်ရွက်နိုင်သော်လည်း တချို့သော ကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းစဉ်များမှာမူ ပုံမှန်အတိုင်း ဆောင်ရွက်နိုင်ခြင်း မတွေ့ရသေးပေ။ အခြားတစ်ဖက်မှာလည်း ကိုဗစ်-၁၉ ရောဂါ၏ အရှိန်အဟုန်သည် တည်ငြိမ်မှုအခြေအနေမရှိသေးသည့်အလျောက် အခြားနိုင်ငံများတွင် ကြုံတွေ့နေရသော ကိုဗစ်-၁၉ ၏ ပြန်လည်ထကြွနေသည့် လှိုင်းအသီးသီး၏ဒဏ်ကို မခံရလေအောင် တားဆီးကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်နေကြရခြင်းကြောင့်လည်း ပုံမှန်အနေအထားအတိုင်း မဆောင်ရွက်နိုင်ခြင်းလည်း ဖြစ်ပေသည်။

**တုံ့နှေးမှုမဖြစ်စေရေးအလေးပေး**

ကျန်းမာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ခြုံငုံသုံးသပ်လျက်တင်ပြလိုသည်မှာ ကိုဗစ်မတိုင်မီက တချို့သော အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်နေသော လုပ်ငန်းစဉ်တချို့သည် ရပ်တန့်နေသယောင်တွေ့မြင်ရပါသည်။ အထူးသဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှု လျော့နည်းကျဆင်းရေးလုပ်ငန်းစဉ်များသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုအခြေအနေမှ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဆင့်တွင် ရှိနေသည်ကို အောက်ပါဇယားအတိုင်း တွေ့မြင်နိုင်မည်ဖြစ်ပါသည်-


| | | |
|---|---|---|
| မြန်မာနိုင်ငံဆေးလိပ်သောက်သုံးမှုအခြေအနေ | | |
| ၁ | လူကြီးများအတွင်းဆေးလိပ်သောက်သုံးမှု(ကျား/မ) | ၅၅% |
| ၂ | အမျိုးသားများတွင် ဆေးလိပ်သောက်သုံးမှု | ၃၄.၈% |
| ၃ | အသက် ၁၃ နှင့် ၁၅ နှစ် ကြား ဆေးလိပ်သောက်သုံးမှု | ၁၃. % |
| ဆေးရွက်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းပါသော ကွမ်းယာစားသုံးမှု | | |
| ၁ | အရွယ်ရောက်ပြီးသူအမျိုးသားများ | ၆၂.၂% |
| ၂ | အမျိုးသမီးများ၏ သုံးစွဲမှု | ၂၄.၁% |

ဖော်ပြပါ ကိန်းဂဏန်းတို့အားလေ့လာကြည့်လျှင် ဆေးရွက်ကြီးထွက်ပစ္စည်းများဖြစ်သော ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးငုံခြင်းစသော မကူးစက်နိုင်သော ရောဂါများဖြစ်သည့် ကင်ဆာအမျိုးမျိုး၊ ဆီးချိုသွေးချို၊ သွေးတိုး၊ နှလုံးနှင့်အတူ နာတာရှည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ဖြစ်စေသော အကြောင်းရင်းခံများ၏ အဓိကကျသော အကြောင်းရင်းခံတစ်ရပ်ဖြစ်ကြောင်း အလေးထား၍ ဖော်ပြလိုပါသည်။




ဆက်လက်ဖော်ပြလိုသည်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကို ပိုမိုဆိုးရွားစေပြီး ပြင်းထန်သော ရောဂါပုံစံသဖွယ် ခံစားကြရကာ အသက်ဆုံးရှုံးရသော အထောက်အထားများကို တွေ့ရှိနေရ ပါသည်။ ထို့ကြောင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ရှီရှား ခေါ် ရေပြောင်းသောက်သုံးခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းတို့အား ဖော်ပြလိုပါသည်။

(SMOKING)



ဆေးလိပ်သောက်ခြင်းဖြင့် မိမိတို့၏ လက်တို့သည် မိမိတို့၏ ပါးစပ်၊ မျက်နှာ၊ နှာခေါင်းစသည်တို့မှတစ်ဆင့် ကိုဗစ်ဗိုင်းရပ်စ်ကူးစက်မှုကို လွယ်ကူစွာ ကူးစက်ခံကြရပါသည်။

(VAPING)



အီးစီးကရက်အပါအဝင် ဓာတုပစ္စည်းများဖြင့် တီထွင်ဖန်တီး ထုတ်လုပ်ထားသော ဆေးရွက်ကြီးကို ပြုပြင်ထားသော ဆေးရွက်ကြီးထွက်ပစ္စည်းများကို သုံးစွဲခြင်းဖြင့် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းများကို ထိခိုက်ပျက်စီးခြင်းဖြစ်စေခြင်းဖြင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်မှုဒဏ်ကို ပိုမိုခံရပြီး ကိုယ်တွင်းခံနိုင်ရည် နည်းပါးခြင်းကြောင့် ပိုမိုပြင်းထန်သော ရောဂါကို ခံစားရကာ အသက်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားစေပါသည်။

**ရှီရှား (Sheesha) ခေါ် ရေပြောင်း**


တစ်ဦးသောက်ရှူထားသော ရှီရှား ခေါ် ရေပြောင်းကို မျှဝေသုံးစွဲခြင်းကြောင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးတို့သည် တစ်ဦးမှတစ်ဦးသို့ ကူးစက်မှုဖြစ်စေပါသည်။ ကိုဗစ်-၁၉ ရောဂါသာမက အခြားသော ကူးစက်ရောဂါတို့ကိုလည်း ကူးစက်နိုင်သည့်အပြင် ပါဝင်သော ဓာတုပစ္စည်းများကြောင့် ရောဂါအမျိုးမျိုးကို ခံစားရနိုင်ပါသည်။

**BETEL NUT CHEWING**

ဆေးရွက်ကြီးပါသော ကွမ်းစားခြင်းသည် အဓိကအားဖြင့် ထွေးထုတ်ရန် တံတွေး ပိုမိုထွက်ရှိသည့်အလျောက် ကွမ်းတံတွေးများကို ထွေးထုတ်ခြင်းသည် အခြားသူများအား ရောဂါပိုးများဖြန့်ဝေပေးနေသကဲ့သို့ ဖြစ်နေပါသည်။ အထူးသဖြင့် ထိုတစ်ယောက်၏ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးရှိပါက အခြားသူများကို ကူးစက်စေသည့်အတွက် အထူးပင် အန္တရာယ်ကြီးမားလှပါသည်။

ထို့ကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါအား ကာကွယ်နိုင်ရေးလုပ်ငန်းစဉ်များတွင် ဆေးလိပ်နှင့် ကွမ်းယာစားသုံးခြင်းဖြင့် ကူးစက်မှုကိုဖြစ်စေသော လမ်းကြောင်းအား ဖြတ်တောက်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ရန် မေ့လျော့မထားသင့်ပါကြောင်း အလေးအနက် ဖော်ပြအပ်ပါသည်။

ထို့အတူပင် လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ဈေးဝယ်စင်တာများနှင့်အတူ မကြာခင်ဖွင့်လှစ်တော့မည့် ကိုဗစ်အလွန်ကာလတွင် ထိန်းချုပ်



ထားသော စိတ်ဆန္ဒတို့အားဖွင့်ထုတ်လျက် အပန်းဖြေစခန်းများ၊ ကမ်းခြေများနှင့်အတူ ရှေးဟောင်းဒေသများသို့ ဘုရားဖူးခရီးစဉ်များဖြင့် ပြန်လည်စည်ကားလာတော့မည်လည်း ဖြစ်ပါသည်။ ဖော်ပြပါနေရာများသည် အများနှင့်သက်ဆိုင်သော နေရာများဖြစ်သည့်အလျောက် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်ရေးဥပဒေ (၂၀၀၆)၊ အခန်း(၄) ပုဒ်မ(၆)ပါအတိုင်းဆေးလိပ်မသောက်ရသောနေရာများဖြစ်သောကြောင့် ဆေးလိပ်သောက်ခြင်းအား ကန့်သတ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန်လည်း အထူးပင် အရေးကြီးလှပါကြောင်း ဖော်ပြလိုပါ၏။

**အရှိန်အဟုန် မရပ်တန့်ရေး**

ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုလျော့နည်းရေး မဟာဗျူဟာလုပ်ငန်းစဉ်များကို နိုင်ငံအသီးသီးမှ လိုက်နာဆောင်ရွက်ရသော အပြည်ပြည်ဆိုင်ရာ ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းချုပ်ရေး မူဘောင်လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အဓိကစီမံချက်လုပ်ငန်းစဉ်တစ်ရပ်ချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ မူဘောင်တွင် ပါဝင်သောလုပ်ငန်းစဉ်တချို့အနက် ဆေးလိပ်နှင့် ဆေးရွက်ကြီးအပေါ် အခွန်ပိုမိုကောက်ခံရေးနှင့်အတူ ဆေးလိပ်နှင့် ဆေးရွက်ကြီးအပေါ် ကောက်ခံသောအခွန်များတွင် သီးခြားအခွန်(dedicated tax)၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးအား အတုသဖွယ် စီမံဖန်တီးထားသော အီးစီးကရက် Electronic Nicotine Delivery System– ENDs၊ အပူပေးပြီး ရှူရှိုက်ရသော HEATED TOBACCO PRODUCT – HTPS စသည်တို့အား မြန်မာနိုင်ငံအနေဖြင့် တင်သွင်းရောင်းချခြင်းတို့အား ကန့်သတ်ရန်အတွက် လွှတ်တော်တွင် အဆိုတစ်ရပ် တင်သွင်းတိုက်တွန်းခြင်းများကိုလည်း လေ့လာသိရှိရပါသည်။ အဆိုပါ လုပ်ငန်းများကိုလည်း ဆောင်ရွက်ဆဲလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေကြောင်းလည်း လေ့လာသိရှိထားပါသည်။ ထိုလုပ်ငန်းစဉ်များကိုလည်း ကိုဗစ်-၁၉ နှင့် ယှဉ်တွဲလျက် ဆက်လက်ဆောင်ရွက်ကြရမည့် အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ဖော်ပြလိုခြင်းဖြစ်ပါ၏။

**နိုးထလို့ ကြိုးစားစို့လား**

ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ရေးလုပ်ငန်းစဉ်သည် တစ်နည်းအားဖြင့် ကိုဗစ်ရောဂါကူးစက်မှုကို ကာကွယ်ရေးလုပ်ငန်းစဉ်တွင်လည်းကောင်း၊ ထိရောက်သော ကုသရေးတွင်လည်းကောင်း ကြီးမားသော အထောက်အကူပြုသည့် သက်ရောက်မှုကောင်းကို ဖြစ်စေသော လုပ်ငန်းရပ်တစ်ရပ်ဖြစ်သည့်အလျောက် ရပ်တန့်တုံ့နှေးမှုများမဖြစ်စေရေးအတွက် အလေးပေး စဉ်းစားကြရမည်ဖြစ်ပါကြောင်း ဖော်ပြလိုပါ၏။

ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီကာလက အထက်တွင် ဖော်ပြသကဲ့သို့ လွှတ်တော်တွင်လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ရေးအတွက် မူဝါဒဆိုင်ရာ တိုက်တွန်းခြင်း၊ အဆိုပြုခြင်းများကို ဆောင်ရွက်ထားရှိသော လုပ်ငန်းစဉ်များဖြစ်သည့်အတွက် အလေးပေးဆောင်ရွက်ကြရပေဦးမည်ဖြစ်သကဲ့သို့ လိုအပ်လျှင်လည်း နောက်လာမည့် သက်တမ်းအထိ ဆက်လက်ဖော်ဆောင်ကြရပေဦးမည်သာ ဖြစ်ပေသည်။

အထူးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် စုစုပေါင်း ကိုးခုအတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ပညာပေးခြင်းလုပ်ငန်းများအပါအဝင်၊ ခရီးသွားပြည်သူများ လာရောက်လေ့ရှိသော ရှေးဟောင်းပုဂံဒေသ၊ ပြင်ဦးလွင်၊ ကျိုက်ထီးရိုး၊ ရှမ်းပြည်နယ် အင်းလေး၊ ပင်းတယဒေသများတွင် ဆေးလိပ်ငွေ့ကင်းစင်ဒေသများအဖြစ် အရှိန်အဟုန်ကောင်းများဖြင့် ဆောင်ရွက်နိုင်ခဲ့ကြသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးတစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်လုပ်ငန်းများကို မြို့နယ်ပေါင်း ၁၁ မြို့နယ်တွင် ဆောင်ရွက်နေဆဲကိုလည်း တွေ့ရှိရမည် ဖြစ်ပါသည်။

> **ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေးလုပ်ငန်းစဉ်သည် တစ်နည်းအားဖြင့် ကိုဗစ်ရောဂါကူးစက်မှုကို ကာကွယ်ရေးလုပ်ငန်းစဉ်တွင် လည်းကောင်း၊ ထိရောက်သော ကုသရေးတွင်လည်းကောင်း ကြီးမားသော အထောက်အကူပြုသည့် သက်ရောက်မှုကောင်းကို ဖြစ်စေသော လုပ်ငန်းရပ်တစ်ရပ် ဖြစ်သည့်အလျောက် ရပ်တန့်တုံ့နှေးမှုများ မဖြစ်စေရေးအတွက် အလေးပေးစဉ်းစားကြရမည် . . .**

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါအား ပိုမိုကူးစက်စေနိုင်သော၊ ရောဂါအား ပိုမိုဆိုးရွားပြီး အသက်အန္တရာယ်ကိုဖြစ်စေသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲခြင်းလုပ်ငန်းစဉ်များအား အရှိန်အဟုန် ရပ်တန့်မသွားစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့်အတူ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် အလေးပေးလျက် ဆောင်ရွက်ကြရန် ကိုဗစ်နှင့် အတူယှဉ်တွဲလျက် "နိုးထလို့-ကြိုးစားကြစို့"ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

ကိုးကား- WHO Myanmar Newsletter (May–August 2020)

ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ အရာရှိ၊ စစ်သည်များ၏ အမျိုးသားသွေးဌာန(ရန်ကုန်)သို့ စုပေါင်းသွေးလှူဒါန်းမှုများ ကြည့်ရှုအားပေး၍ ပါဝင်သွေးလှူဒါန်း



နေပြည်တော် ဩဂုတ် ၁၂

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များက ရန်ကုန်မြို့ လသာမြို့နယ်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားသွေးဌာန(ရန်ကုန်)၌ ယနေ့ နံနက်ပိုင်းတွင် စုပေါင်းသွေးလှူဒါန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ အမျိုးသားသွေးဌာန(ရန်ကုန်)၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ သွေးအလှူရှင် စေတနာရှင်ပြည်သူများ၏ စုပေါင်းသွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာအောင်က သွေးလှူဒါန်းမှုဆိုင်ရာများနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသသည်။

### စုပေါင်းသွေးလှူဒါန်း

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ စေတနာရှင် သွေးအလှူရှင်များနှင့်အတူ စုပေါင်းပါဝင်၍ အမျိုးသားသွေးဌာန(ရန်ကုန်)သို့ စုပေါင်းသွေးလှူဒါန်းကြပြီး သွေးလှူဒါန်းကြသည့် အရာရှိ၊ စစ်သည်များ၊ စေတနာရှင်သွေးအလှူရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အင်အားဖြည့်စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများမှ လှူဒါန်းသည့် အင်အားဖြည့်စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ အမျိုးသားသွေးဌာန(ရန်ကုန်)၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များအနေဖြင့် အမျိုးသားသွေးဌာန (ရန်ကုန်)သို့ သွေးလှူဒါန်းမှုအနေဖြင့် ယခုအကြိမ် အပါအဝင် ကိုးကြိမ်ရှိပြီဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ရှမ်းပြည်နယ်၌ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးနှင့်အတူ ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိစ္စရပ်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

### ညှိနှိုင်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၀ ရက်တွင် အောင်ပန်းမြို့ရှိနယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး အောင်ပန်းနယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းအသစ်ကို မကြာမီ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဒေသခံလူငယ်များအတွက် ခေတ်စနစ်နှင့်လျော်ညီသည့် မော်တော်ယာဉ်နှင့် စက်ပြင်သင်တန်း၊ ပန်းရန်/ လက်သမားသင်တန်း၊ လျှပ်စစ်နှင့် အဲကွန်းပြင်သင်တန်း၊ ဂဟေသင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများ သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားရာတွင် အဆင့်မီသင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာဖြင့် ကျွမ်းကျင်ဆရာများဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရေး လိုအပ်သည်များကို ပြည့်စုံအောင်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ TVET ပညာရပ်များသည် အမှန်တကယ်သာ တတ်ကျွမ်းနားလည်ပါက ဘဝရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် တန်ဖိုးမြင့်ပညာရပ်ပင်ဖြစ်ကြောင်း၊ အဆိုပါ သင်ထောက်ကူပစ္စည်းများကို စွမ်းအားပြည့် ကိုင်တွယ်လေ့ကျင့်သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာနည်းပြများ၏ သင်ကြားနည်းစနစ်နှင့် အရည်အသွေးများကိုလည်း မြှင့်မားစေရေးဌာနတွင်း စွမ်းရည်မြှင့်သင်တန်းများ ပြုလုပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းမှာကြားခဲ့ပြီး သင်တန်းကျောင်းဝင်းအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေမှုနှင့် သင်တန်းကျောင်း ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့တွင် ပင်းတယမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပေးကာ သင်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းသားအိပ်ဆောင်၊ ကျောင်းသူအိပ်ဆောင်များနှင့် စားရိပ်သာတို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်- ၁၉ ရောဂါကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယမြို့နယ် ကူးကော်-ရေချမ်းစင် (၃/၀) မိုင် ကျောက်ခင်းခြင်း၊ ကုန်းသာ- ပဲယင်းတောင် (၄/၂) မိုင် အပြီးသတ်မြေလမ်းဖောက်လုပ်ခြင်း၊ ရွာငံမြို့နယ် ရေချမ်းပြင်-ကျောက္ကူတိ (၅/၅) မိုင် မြေလမ်းပေါ်ရှိ (၃/၃)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းခွင်များသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကန့်သတ်ချက်များ ရှိခဲ့ သော်လည်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်သည့် အနေအထားကို တွေ့ရှိရပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များ နှင့်အညီ တိတိကျကျလိုက်နာပြီး မိမိတို့ဒေသအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို စနစ်တကျ စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန်၊ မိမိတို့ဝန်ကြီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူ ပူးပေါင်း၊ တွဲဖက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများအနေဖြင့်လည်း နိုင်ငံတော်ခွင့်ပြုရန်ပုံငွေနှင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ ပြည့်မီရေး၊ အချိန်မီပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်ပေးကြရန်၊ ဒေသခံပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ ဆောင်ရွက် ပေးခဲ့သည့် လုပ်ငန်းများပြီးစီးပါက ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ပူးပေါင်းပါဝင်ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝါးခယ်မတံတား ရေလမ်းကြောင်းသတ်မှတ်

နေပြည်တော် ဩဂုတ် ၁၂

ဝါးခယ်မတံတားရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်/ အဆန် ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁) နှင့် ရေလယ်တိုင်အမှတ် (၂)အကြားမှ သတ်မှတ်ပေးထားကြောင်း သိရသည်။

ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၇၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၁ မီတာရှိသည်။ တံတား ရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ တစ်ဖက်တစ်ချက်တွင် ၄ မီတာ အစွန်းထွက်နေသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ညအခါ မီးစိမ်းထွန်းပြသထားမည်ဖြစ်သည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ် အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်ဖြစ်သည်။

ရေယာဉ်များ တံတားရေလမ်းကြောင်းမှ ဖြတ်သန်းကြသည့်အခါ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲရေယာဉ်များတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင်လည်း လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကောလင်းမြို့နယ်၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့် အခြေခံငါးမွေးမြူသင်တန်းဖွင့်

ကောလင်း ဩဂုတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ကောင်းမွန်သော ငါးမွေးမြူရေးစနစ် ဖြစ်ထွန်းလာစေရန်နှင့် ဘေးဥပဒ်ကင်းသော ငါးရိက္ခာများ ထုတ်လုပ်ဖြန့်ဖြူးနိုင်စေရန်ရည်ရွယ်ပြီး ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့် အခြေခံငါးမွေးမြူရေးသင်တန်းကို ဩဂုတ် ၁၂ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ငါးရှဉ့်ရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူ ငါးမွေးတောင်သူများ စုစုပေါင်း ၂၂ ဦး တက်ရောက်လျက်ရှိပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးအောင်ငြိမ်းအေးက သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး သုံးထပ်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး သုံးထပ်ရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါရုံး၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး သုံးထပ်ရုံး အဆောက်အအုံသစ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ အမျိုးသားလွှတ်တော် သဘ္တု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကြွရောက်လာသော ဧည့်သည်တော်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များပေးအပ်ပြီး ဧည့်သည်တော်များနှင့်အတူ အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ သုံးထပ်အဆောက်အအုံသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၄) မှ တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ လူငယ်ရေးရာကော်မတီဝင် လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့လူငယ်များ၏ အနာဂတ်အလားအလာကောင်းများကို ဖြည့်ဆည်းပေးနိုင်ရန် လူငယ်ရေးရာ မူဝါဒကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူငယ် ကိုယ်စားလှယ်များ၊ နည်းပညာအကြံပေးများနှင့်အတူ အားလုံးပါဝင် ကြိုးပမ်းမှုများဖြင့် ရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူငယ်ရေးရာ မူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(၂၀၂၀-၂၀၂၄)ကိုလည်း ရေးဆွဲနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ လူငယ်ရေးရာမူဝါဒ အပိုဒ် ၃၀ တွင် လူငယ်များ အနုပညာ၊ အားကစားလှုပ်ရှားမှုများ အပါအဝင် လူငယ်ရေးရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ပြီး အချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံသင်ယူနိုင်မည့် နေရာဖြစ်သည့် လူငယ်စင်တာကို ထည့်သွင်းဖော်ပြထားရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် လူငယ်စင်တာများ ထွက်ပေါ်လာစေရန်အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့များသို့ ညှိနှိုင်းပေးပြီး လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် ဘတ်ဂျက်ရန်ပုံငွေများ ခွဲဝေချထားပေးခဲ့ပါကြောင်း။

**ချိတ်ဆက်ပူးပေါင်း**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် လူငယ်စင်တာတစ်ခုကို လူငယ်များနှင့် တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းကြိုးပမ်းမှုဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တို့တွင် လူငယ်စင်တာအတွက် မြေနေရာများ ရရှိပြီးဖြစ်ပါကြောင်း၊ လူငယ်စင်တာအပြင် လူငယ်ရေးရာ ကိစ္စရပ်များအတွက်လည်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကိုလည်း ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်စဉ်ကျင်းပပေးခဲ့ပါကြောင်း၊ အနာဂတ် လူသားစွမ်းရည်အရင်းအမြစ် မျိုးဆက်သစ်လူကောင်း၊ လူတော်များ ဖြစ်ပေါ်လာစေရန် ရေရှည်စီမံချက်များဖြင့်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်များသည် မိမိတို့၏ နိုင်ငံအတွင်း၌သာမက ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ကြရန် လိုအပ်ကြောင်း။

**လက်တွေ့ကျကျဆောင်ရွက်**

အာဆီယံက ဆောင်ရွက်လျက်ရှိသည့် လူငယ်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အာဆီယံအသင်းဖွဲ့စည်းပြီး လူငယ်များ အပါအဝင် အများပြည်သူများထံမှ သဘောထားအမြင်များနှင့် အကြံဉာဏ်များ ရယူဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဝင် လူငယ်ကိုယ်စားလှယ် နှစ်ဦး ပါဝင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ ကိုယ်စားပြုလူငယ်များအနေဖြင့် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက် သွားကြစေလိုကြောင်း၊ လူငယ်များ၏ ပြည်သူများနှင့် လက်ရှိ ပူးပေါင်းဆောင်ရွက်နေမှုများအတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ မြို့ပြနှင့် ကျေးလက်မကျန် လူငယ်အများစု ပူးပေါင်းပါဝင်နိုင်ရေး လူငယ်များကပင် ကြိုးပမ်းကြစေလိုကြောင်း၊ လူငယ်ကိုယ်စားလှယ်များက ရေးဆွဲထားသည့် ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ (မူကြမ်း) ကို အပြီးသတ် ညှိနှိုင်းဆွေးနွေးပေးကြစေလိုကြောင်းနှင့် ဆက်လက်အကောင်အထည်ဖော်မည့် မဟာဗျူဟာလုပ်ငန်းစဉ်များကို လက်တွေ့ကျကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု ယန္တရားဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင် လူငယ်ကိုယ်စားလှယ်များ၏ တာဝန်ဝတ္တရားများ (မူကြမ်း) ကို ရေးဆွဲထားပြီး ဆွေးနွေးနိုင်ကြမည်ဖြစ်၍ ဝမ်းမြောက်ပါကြောင်း၊ လူငယ်ရေးရာ မူဝါဒဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ရေးဆွဲထားနိုင်ပြီဖြစ်၍ စုပေါင်းအင်အားဖြင့် လူငယ်များ စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ လူငယ်များ၏ အနာဂတ်အတွက် ပညာရေးသည် အကျိုးရှိသည့် သင်ယူခြင်းဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကလေးဘဝရှေ့ဆောင်ရက် (၁၀၀၀) စီမံချက်သည် တစ်သက်တာ သင်ယူတတ်မြောက်မှုအတွက် အရေးကြီးသော အခြေခံ အုတ်မြစ်အဖြစ် ထိရောက်သော အထောက်အပံ့ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် လူမှုစီးပွားဘဝ တိုးတက်စေရန်ပင် ဖြစ်ပါကြောင်း၊ Quality Education လည်း ဖြစ်ရန် လိုပါကြောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလတွင်လည်း ကျန်းမာရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် သင်ယူမှုပတ်ဝန်းကျင်ဖြစ်ဖို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရန် လိုအပ်သည့် အချက်အလက်များကို စံသတ်မှတ်ချက် (Standard Operation Procedures) များဖြင့် တိုင်းတာကြောင်း၊ လူငယ်စင်တာများ ဖွင့်လှစ်နိုင်မှုကိုလည်း ကြိုဆိုပါကြောင်းနှင့် အလွှာစုံတွင်ရှိနေသည့် လူငယ်များအတွက် ထည့်သွင်းစဉ်းစားရန် လိုပါကြောင်း ဆွေးနွေးပြောကြားသည်။

**လူငယ်များအတွက် ဂုဏ်ယူ**

ထို့နောက် ကော်မတီဒုတိယ ဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)ကို ရေးဆွဲထားနိုင်ပြီဖြစ်၍ လူငယ်များအတွက် ဂုဏ်ယူပါကြောင်း၊ လူငယ်မူဝါဒတွင် ပါဝင်သော ပညာရေးကဏ္ဍ (၁၅)ချက်၊ ကျန်းမာရေးကဏ္ဍ (၈) ချက်၊ မူးယစ်ဆေးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်များ (၆) ချက်၊ အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍတွင် (၈)ချက်စသည့် သတ်မှတ်ချက်များကို ပြည့်မီအောင် စီစဉ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ အားလုံးနှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရန် အဓိကအရေးကြီးဆုံးအချက်မှာ ကိုယ်တိုင်ကျန်းမာရန်၊ အသက်မွေးဝမ်းကျောင်းပညာ နှင့် အတန်းပညာတတ်ရန်၊ ပရဟိတစိတ်ဓာတ်ရှိရန်၊ စုပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်ရှိရန်၊ နားလည်မှုနှင့် သည်းခံစိတ်ရှိရန် လိုအပ်ပါကြောင်း၊ မိမိတို့လူငယ်များ၏ ဆောင်ရွက်နိုင်စွမ်းကို အနှောင့်အယှက် အဟန့်အတားဖြစ်စေမည့် အချက်များဖြစ်သော ကွမ်းယာ၊ ဆေးလိပ်၊ အရက်သောက်သုံးမှု၊ မူးယစ်ဆေးသုံးစွဲမှုအပါအဝင် ကျန်းမာရေးနှင့် မညီညွတ်သော ဘဝနေထိုင်မှုပုံစံများကို ရှောင်ကြဉ်ရမည်ဖြစ်ပါကြောင်း၊ အပေါင်းအသင်း မိတ်ဆွေကောင်းများနှင့် ပေါင်းသင်း ဆက်ဆံကြစေလိုပါကြောင်း၊ လူငယ်များအနေဖြင့် မည်သည့်လုပ်ငန်းကို လုပ်ချင်သည်ဖြစ်စေ ကျန်းမာရန်အဓိကဖြစ်၍ ကိုယ်ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား ပုံမှန်ပြုလုပ်ခြင်း၊ စိတ်ကျန်းမာရေးအတွက် ပြည်သူ့နီတိ၊ လူကျင့်ဝတ်များနှင့်အညီ ကျင့်ကြံတွေးခေါ် နေထိုင်ခြင်းတို့သည် အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင် လူငယ်ကိုယ်စားလှယ်များက ရေးဆွဲထားသည့် ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ (မူကြမ်း)၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု အခြေအနေများ၊ မဟာဗျူဟာစီမံချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး အကြိုညှိနှိုင်းအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး



**နေပြည်တော် ဩဂုတ် ၁၂**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အကြိုညှိနှိုင်းအစည်းအဝေး တတိယနေ့ကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA-S EAO ကိုယ်စားလှယ်များအဖြစ် ညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း (RCSS/ SSA)၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း(ABSDF)၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ပဒိုစောတာဒိုမူး (KNU)၊ ဦးလှဌေး(ABSDF)၊ စောမြရာဇာလင်း (ALP)၊ ဒေါက်တာ လျန်မှုန်းဆာခေါင်း(CNF)၊ ဆလိုင်းထလာဟေး(CNF)၊ စောစိန်ဝင်း (DKBA)၊ ပဒိုစောအယ်ကလူစေး (KNU)၊ စောကျော်ညွန့်(KNLA-PC)၊ ကြာဆော်လမွန် (LDU)၊ နိုင်အောင်မငေး (NMSP)၊ ခွန်မြင့်ထွန်း (PNU) နှင့် ဒေါက်တာစိုင်းဦး (RCSS/SSA) တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် NCA-S EAO ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက (၉) ကြိမ်မြောက် JICM အစည်းအဝေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို အနှစ်သာရပြည့်ဝပြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သုံးရက်တာကျင်းပခဲ့သည့် JICM အကြိုညှိနှိုင်းအစည်းအဝေးတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးခဲ့ကြသည့် နှစ်ဖက်ခေါင်းဆောင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ဩဂုတ် ၁၃ ရက်တွင် ကျင်းပမည့် (၉) ကြိမ်မြောက် JICM အစည်းအဝေး၏ အစည်းအဝေး အစီအစဉ်နှင့် ပြင်ဆင်မှုများကို ယခုအစည်းအဝေးတွင် ချမှတ်နိုင်သကဲ့သို့ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးညှိနှိုင်း ပြင်ဆင်နိုင်ခဲ့ပါကြောင်း၊ သုံးရက်တာ ကျင်းပခဲ့သည့် JICM အကြိုညှိနှိုင်းအစည်းအဝေးသည် အောင်မြင်သည့် ညှိနှိုင်းအစည်းအဝေးဟု ဆိုနိုင်ပါကြောင်း။

သဘောတူညီချက်များရရှိနိုင်ရန် မိမိတို့ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များအကြားနှင့် သက်ဆိုင်ရာ အစုအဖွဲ့များအကြား အကျေအလည် ဆွေးနွေးညှိနှိုင်းခဲ့ရပါကြောင်း၊ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ ဆိုသည့်စကားအရ ထိန်းညှိပေးရပါကြောင်း၊ နှစ်ဖက်အဖွဲ့၏ စိုးရိမ်ကြောင့်ကြမှုများ၊ ဝေါဟာရ အသုံးအနှုန်းများ၊ နောက်ကွယ်က သဘောထားများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးနိုင်ခဲ့ပါကြောင်း။

ဆွေးနွေးညှိနှိုင်းရာတွင် ဆွေးနွေးဖော်ဆွေးနွေးဖက်များအတွက် Win-Win Solution ဖြစ်စေမည့် ရလဒ်ထွက်ပေါ်ရေး စိတ်ရှည်လက်ရှည်နှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့အားလုံးသည် မိမိတစ်ဦး၊ မိမိတစ်ဖွဲ့တည်း၏ ကောင်းကျိုးကိုသာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ အားလုံးနှင့်သက်ဆိုင်သည့် ပြည်ထောင်စုကောင်းကျိုးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်ကို နှလုံးသွင်းထားပြီး ဆွေးနွေးညှိနှိုင်းခဲ့၍ ယခုကဲ့သို့ ရလဒ်ကောင်းများကို ယူဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များကို မိမိအနေဖြင့် ချီးကျူးဂုဏ်ပြုပါကြောင်း၊ အပြုသဘောဆောင်သည့် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို မှတ်တမ်းတင်ပါကြောင်း။

**ကျန်းမာရေးအသိ**

ကိုဗစ်-၁၉ ကပ်ဘေးရောဂါသည် ကမ္ဘာအနှံ့အပြားတွင် အရှိန်အဟုန်ပြင်းပြင်းနှင့် ကူးစက်ပျံ့နှံ့နေဆဲဖြစ်ပြီး ယခုအချိန်အထိ ထိန်းချုပ်နိုင်ရန် နည်းလမ်းရှာနေဆဲဖြစ်၍ အားလုံးကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိနှင့် သွားလာနေထိုင်ကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ယနေ့အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးရန်အချက်များ မများသော်လည်း ဖက်ဒရယ်ရှေ့လုပ်ငန်းစဉ်များ၊ အခြေခံလမ်းညွှန်များ၊ အရေးကြီးကိစ္စရပ်များဖြစ်သည့်အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များဘက်မှလည်း အဖွဲ့အားလုံး၏ သဘောတူညီချက်ရယူရခြင်းဖြစ်သည့်အတွက် တချို့အချက်များသည် လတ်တလောဆုံးဖြတ်ချက်ချရန်နှင့် သဘောတူညီချက်ရယူရန် အချိန်အနည်းငယ်လိုအပ်ပါကြောင်း၊ သို့သော်လည်း အချက်အလက် တော်တော်များများကို သဘောတူညီချက် ရယူနိုင်ခဲ့ပါကြောင်း၊ လတ်တလော သဘောတူညီမှု မရရှိသေးသည့် အချက်များကို ဆက်လက်ဆွေးနွေးပြီး နားလည်မှုများရရှိသည့်အခါ သဘောတူညီမှုရရှိမည်ဟု ယုံကြည်ပါကြောင်း၊ သဘောတူညီမှုရသည့် အချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အစိတ်အပိုင်း (၃) အဖြစ် ချုပ်ဆိုနိုင်ရန်အတွက် JICM နှင့် UPDJC အစည်းအဝေးများတွင် ဆက်လက်တင်ပြနိုင်ရေး ဆောင်ရွက်ကြရန် ပြောကြားသည်။

ယနေ့ အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ စတုတ္ထ အစည်းအဝေးတွင် လက်မှတ်ရေးထိုးချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း သုံးပိုင်းဖြစ်သည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် ၁၅ ချက်၊ ၂၀၂၀ပြည့်နှစ်အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုများ၏ ခေါင်းစဉ်ကြီး ရှစ်ခုနှင့်ဆက်လက်ညှိနှိုင်းရမည့် နှစ်ဖက်အဆိုပြုခေါင်းစဉ်ခွဲများနှင့် အပိုင်း (၃) ဖက်ဒရယ်အခြေခံမူ သဘောတူညီချက် ငါးချက် စသည်တို့ကို သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့သည် မီဒီယာများနှင့် တွေ့ဆုံပြီး အစည်းအဝေးရလဒ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ၎င်းတို့၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

သတင်း-ထွန်းဝင်းနိုင်၊ ဟိန်းမင်းစိုး
ဓာတ်ပုံ-ထိန်နန်နေဝ်

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီရုံးနှင့် SOMS Office အဖွဲ့တို့ လုပ်ငန်းတာဝန်ခွဲဝေမှု ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီရုံးနှင့် SOMS Office အဖွဲ့တို့၏ လုပ်ငန်းတာဝန်ခွဲဝေမှု ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပြောကြား**

အစည်းအဝေးတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က OS သင်တန်းများဖွင့်လှစ်ထားရှိမှုနှင့် ထပ်မံဖွင့်လှစ်ရန် ကြိုတင်ဆောင်ရွက်နေမှု အခြေအနေ၊ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ (IOC) က ထောက်ပံ့ထားသော ရန်ပုံငွေနှင့် အပြည်ပြည်ဆိုင်ရာအိုလံပစ် ကော်မတီ (IOC)မှ Report များကို ရှင်းလင်းတင်ပြရေး SOMS Office အဖွဲ့၌ လုပ်ငန်းတာဝန်များ ခွဲဝေဆောင်ရွက်မှုနှင့် နောက်ဆုံး SOMS အစည်းအဝေးတွင် ဆွေးနွေးခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က မြန်မာအိုလံပစ်ကော်မတီ(MOC) တွင် တာဝန်ပေးထားမှုများ၊ SOMS Office ၌ တာဝန်ပေးထားမှုများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ လုပ်ငန်းလည်ပတ်နေမှုနှင့် SOMS လုပ်ငန်းတာဝန်များ ခွဲဝေထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်တို့က အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက ထောက်ပံ့ထားသော ရန်ပုံငွေများ၊ OS သင်တန်းများ ဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှုများ၊ မြန်မာအိုလံပစ် ကော်မတီ (MOC)လက်အောက်ရှိ ကော်မတီအရပ်ရပ်၏ တာဝန်ခွဲဝေထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် SOMS တာဝန်ခံ ဦးမြသန်းထိုက်(ကျွမ်းကျင်သူ) က SOMS ၏ လုပ်ငန်းတာဝန် ခွဲဝေမှု၊ နိုင်ငံတကာနှင့် နောက်ဆုံးဆွေးနွေးထားရှိမှုများ အခြေအနေကို ရှင်းလင်းတင်ပြသည်။

**တင်ပြဆောင်ရွက်**

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအောက်ရှိကော်မတီ အသီးသီးမှ အဖွဲ့ဝင်များအား ကော်မတီနှင့်သက်ဆိုင်သော သင်တန်းများ လေ့ကျင့်သင်ကြားပေးရန်၊ သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာအိုလံပစ် ကော်မတီ (IOC)အောက်ရှိ ကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊ နေ့စဉ် မြန်မာအိုလံပစ် ကော်မတီ (MOC) လုပ်ငန်းတာဝန်များ၊ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ(IOC) နှင့် ချိတ်ဆက်ဆောင်ရွက်ပြီးစီးမှုများအား အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန် မှာကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးသိန်းထွန်းလတ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်း၊ ဦးကျော်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံအိုလံပစ် ကော်မတီနှင့် SOMS ရုံးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ကျိုက်လတ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ကျိုက်လတ် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များရရှိရေး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီတွင် ကျုံမင့် ချောင်းဝကျေးရွာစုရပ်နေရာ၌ ပြည်သူ ၁၈၂ ဦးတို့၏ လက်ဝယ်အရောက် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျိုက်လတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေနှင့် ဝန်ထမ်းများက ထရော်ရွာသစ်ကျေးရွာအုပ်စုရှိ မဲဆန္ဒရှင်စာရင်းတွင်အကျုံးဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသူအချို့နှင့် ခရီးလွန်နေသူများ၊ ပြည်ပရောက်နေသူများ၊ အဆက်အသွယ်ပြတ်တောက်နေသူများ၊ နေအိမ်ပိတ်ထားခဲ့သူများ၊ မှတ်ပုံတင်နံပါတ် မမှတ်မိသူများ၊ သက်ပြည့်လဲလှယ်ရန်လိုအပ်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ကတ်ပြားပျောက်ဆုံး၊ ပျက်စီးသွားသူများစသည့် ဆန္ဒမဲပေးရန်အတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အကျအပေါက်ဖြစ်ပေါ်သည့် ပြည်သူများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အသစ် ပြုလုပ်ပေးခြင်းနှင့် အသစ်လဲလှယ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အဆိုပါ အခြေအနေများအရ ကျန်ရှိသည့်ပြည်သူများအား ချို့ယွင်းမှု တစ်စုံတစ်ရာမရှိစေရေး အတွက် ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သပြေထွန်း



# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က ၂၀၂၀ ပြည့်နှစ်အတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက် အမှတ်စဉ် ( ၁၁ /၂၀၂၀ )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတရုံး၏ ၁၄-၁-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် (၃/၂၀၂၀) ဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်အသစ် စတင် တာဝန်ထမ်းဆောင်သည့်အချိန်မှစ၍ ကော်မရှင် ဥပဒေ ပုဒ်မ ၄၃ အရ အကျဉ်း ကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက် ထားခြင်း ခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာ ထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန်အတွက် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများကို လျာထားချက်များ ရေးဆွဲ၍ ကြည့်ရှုစစ်ဆေးလျက် ရှိပါသည်။

၂။ ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင် ဥပဒေ ပုဒ်မ ၄၄ ပါ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများအတွင်းရှိ နေရာများ၊ အကျဉ်းသား၊ အချုပ်သားများ၏ အသုံးအဆောင်များ ကြည့်ရှုစစ်ဆေးခြင်းများအပြင် အကျဉ်းသား၊ အချုပ်သားများကို လွတ်လပ်စွာ သီးခြားတွေ့ဆုံမေးမြန်း ခြင်းများပါ ဆောင်ရွက်ခဲ့ပြီး တွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များ ကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ အကြောင်းကြား ဆောင်ရွက်လျက်ရှိပါသည်။

၃။ ကော်မရှင်အသစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအထိ အကျဉ်းထောင် (၁၀) ခု၊ အကျဉ်းစခန်း (၈) ခု၊ ရဲစခန်းအချုပ်ခန်း (၈)ခု၊ တရားရုံးအချုပ်ခန်း (၇)ခုနှင့် ဆေးရုံအချုပ်ခန်း (၅) ခုတို့ကို အောက်ပါ အတိုင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်-

(က) ဇန်နဝါရီလ ၂၇ ရက်နေ့မှ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ မန္တလေး ဗဟိုအကျဉ်းထောင်၊ မိတ္ထီလာအကျဉ်းထောင်၊ ထုံးဘို-ကျား (၁)၊ ထုံးဘို-ကျား (၂)၊ ထုံးဘို-မ၊ ၂၄ မိုင်၊ ဘုရားငါးဆူ ကုန်ထုတ်စခန်း များ၊ မိတ္ထီလာမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်း၊

(ခ) ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ပြည်အကျဉ်းထောင်နှင့် ပေါင်းတည် အချုပ်ထောင်၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း နှင့် ဆေးရုံအချုပ်ခန်းများ၊

(ဂ) ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဆားမလောက်စိုက်ပျိုးမွေးမြူရေး နှင့် အသက်မွေးမှု အတတ်သင်စခန်း၊

(ဃ) မတ်လ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ ပူတာအိုအကျဉ်းထောင်၊ မြစ်ကြီးနား အကျဉ်းထောင်၊ ပူတာအိုနှင့် မြစ်ကြီးနားမြို့များရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်း၊

(င) ဇူလိုင်လ ၈ ရက်နေ့မှ ၉ ရက်နေ့အထိ အင်းစိန်ဗဟိုအကျဉ်းထောင်၊

(စ) ဇူလိုင်လ ၁၄ ရက်နေ့မှ ၁၇ ရက်နေ့အထိ ရမည်းသင်းအကျဉ်းထောင်၊ နေပြည်တော် အချုပ်ထောင်၊ ကင်းသာ (၁) ကုန်ထုတ်စခန်း၊ ကင်းသာ (၂) ကုန်ထုတ်စခန်း၊ ပျဉ်းမနားမြို့မရဲအချုပ်ခန်း၊ ရမည်းသင်း မြို့မရဲစခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်း၊

(ဆ) ဇူလိုင်လ ၂၃ ရက်နေ့တွင် သရက်အကျဉ်းထောင်၊ သရက်မြို့မရဲစခန်း အချုပ်ခန်း၊ တရားရုံးအချုပ်ခန်း။

၄။ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများ ကြည့်ရှုစစ်ဆေးစဉ်အတွင်း ကြည့်ရှုစစ်ဆေးရေးအဖွဲ့နှင့် သီးခြားတွေ့ဆုံလိုသည့် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူ (၃၆၁) ဦးကို အကျဉ်းဦးစီးဌာန ဝန်ထမ်းများမရှိသည့် နေရာတွင် သီးခြားလက်ခံတွေ့ဆုံခဲ့ပြီး ယင်းတို့၏ အခက်အခဲများ၊ လူ့အခွင့် အရေးချိုးဖောက်ခံရမှုများ၊ တရားရေးဆိုင်ရာ တင်ပြချက်များအပေါ် မှတ်သား စိစစ်ကာ တွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်းများ ပြုလုပ်ပေး ခဲ့ပါသည်။

၅။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်း များကို ကြည့်ရှုစစ်ဆေးရာတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၄၁ နှင့် အပိုဒ် ၄၂ ပါ "ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့် စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့် မြန်မာနိုင်ငံရဲလက်စွဲတွင် ပြဋ္ဌာန်းထားသော အချက် များ" နှင့် ညီ/မညီ ကြည့်ရှုစစ်ဆေးရာ အောက်ပါစစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ ပေးပို့အကြံပြုခဲ့ပြီး ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကျန်းမာရေးဆိုင်ရာ | ၃၇ | ချက် |
| (ခ) | ပညာရေးဆိုင်ရာ | ၁၀ | ချက် |
| (ဂ) | အုပ်ချုပ်မှုဆိုင်ရာ | ၅၃ | ချက် |
| (ဃ) | အကျဉ်းထောင်ပြောင်းရွှေ့လိုခြင်း | ၅ | ချက် |
| (င) | သန့်ရှင်းရေးဆိုင်ရာ | ၁၃ | ချက် |
| (စ) | ထောင်ဝင်စာတွေ့ဆုံမှု | ၈ | ချက် |
| (ဆ) | အစားအသောက်ဆိုင်ရာ | ၆ | ချက် |
| (ဇ) | စာကြည့်တိုက်ဆိုင်ရာ | ၁ | ချက် |
| (ဈ) | အဆောက်အဦဆိုင်ရာ | ၁၁ | ချက် |
| (ည) | အကျဉ်းသားမိသားစုနှင့် အဆက်အသွယ်ရလိုခြင်း | ၁ | ချက် |
| (ဋ) | အယူခံဆိုင်ရာ | ၁ | ချက် |
| (ဌ) | သောက်သုံးရေဆိုင်ရာ | ၁ | ချက် |
| | **စုစုပေါင်း** | **၁၄၇** | **ချက်** |

၆။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးရာတွင် ယခင်ကြည့်ရှုစစ်ဆေးစဉ်က အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးခြင်း၊ ယခုကြည့်ရှုစစ်ဆေးစဉ် အကြံပြုချက်များကိုလည်း နောင်တွင် ပြန်လည်ကြည့်ရှုစစ်ဆေးပါက ပြီးစီးမှုကို ပြန်လည်ကြည့်ရှု စစ်ဆေးသွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်



# အရက်၊ ဘီယာ၊ ဝိုင် (ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ ဆဋ္ဌမအကြိမ် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အရည်အသွေး အာမခံနိုင်သော ကုန်စည်များ ရောင်းချ သုံးဆောင်နိုင်ရေး၊ တရားမဝင်တင်သွင်းမှုကို ထိန်းချုပ်နိုင် ရေး၊ နိုင်ငံတော်အတွက် အခွန်အခများ အပြည့်အဝရရှိနိုင် ရေးနှင့် ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်း နိုင်ရန် ရည်ရွယ်၍ ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၃၉/၂၀၂၀)ဖြင့် အရက်တင်သွင်းခွင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့ပြီးနောက် အရက် တင်သွင်းမှု စနစ်တကျ အကောင်အထည်ဖော်ရေး ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံသည် ယခင်က ပြည်ပမှ အရက်တင်သွင်းခွင့်ကို ပိတ်ပင်ထားရာမှ WTO စည်းမျဉ်းနှင့် အညီ တင်သွင်းခွင့်ပြုသည့်အတွက် ပြည်တွင်း တင်သွင်း သူများနှင့် ပြည်ပအဖွဲ့အစည်းများမှ ကြိုဆိုခဲ့ကြကြောင်း၊ ကော်မတီဝင်များမှ ကဏ္ဍအလိုက် ဟန်ချက်ညီစွာ ဆောင်ရွက်မည်ဆိုပါက အရက်တင်သွင်းခွင့်ပြုရာတွင် အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်တွင်းဈေးကွက်အတွင်း တရားမဝင် ရောက်ရှိရောင်းချနေသော အရက်၊ ဝိုင်တို့ကို အခွန်တံဆိပ် ကပ်နှိပ်ရေးကိစ္စအား စီမံချက်ရေးဆွဲ၍ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဆောင်ရွက်နေမှု၊ အရက်တင်သွင်းခွင့်ပြုပြီး နောက် အရက်၊ အရက်ဆီနှင့် ဝိုင်တင်သွင်းခွင့်အတွက် ယမကာ တင်သွင်းခွင့်မှတ်ပုံတင်အား ကုန်သွယ်ရေးဦးစီး ဌာနမှ ကုမ္ပဏီ ကိုးခုကို ခွင့်ပြုပြီးသည့် အခြေအနေ၊ ပြည်တွင်း ဈေးကွက်အတွင်းရှိ အရက်များကို အခွန်တံဆိပ်ကပ်နှိပ်ပြီး ချိန်တွင် ပြည်ပမှ အရက်များကို တင်သွင်းခွင့်လိုင်စင်ခွင့်ပြု သွားမည့်အခြေအနေ၊ ပြည်ပမှတင်သွင်းသော အရက်ကို သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ စနစ်တကျ တင်သွင်းရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်မည့်အစီအစဉ်များ၊ တရားမဝင် တင်သွင်း၊ ချက်လုပ်ရောင်းချမှု ထိန်းချုပ်ရေးစီမံချက်အရ တိုင်းဒေသ ကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် အဆင့်အလိုက် ဖွဲ့စည်းဆောင်ရွက်မည့် အစီအမံများကို ကော်မတီအဖွဲ့ဝင် များက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များ ကွင်းဆင်းစုံစမ်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ နယ် ရွာစည်ကျေးရွာအုပ်စု ရွာစည် ကျေးရွာ မြင်းခြံ- ညောင်ဦး ကားလမ်း ဘေးရှိ သုသာန်အဖြစ် အသုံးပြုထား သော မြေဧရိယာ ၁ ဒသမ ၄၈ ဧကနှင့် စပ်လျဉ်း၍ လယ်ယာမြေ အငြင်းပွားခဲ့ မှုအပေါ် တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက် တာဝန်ခံမိတ္တူမှန်ကို တင်ပြတောင်းခံ ခဲ့သော်လည်း မရရှိသဖြင့် တိုင်တန်းသူ တို့က ပြည်ထောင်စု တရားလွှတ်တော် ချုပ်သို့ စာချွန်တော် လျှောက်ထားနိုင် မည့် ဥပဒေပါအခွင့်အရေး ဆုံးရှုံးနေရ ကြောင်းဟုဆိုကာ ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးကျော်စိုးတို့ ဦးဆောင်သော ကွင်းဆင်းစုံစမ်း စစ်ဆေးရေးအဖွဲ့သည် ဩဂုတ် ၁၀ ရက်မှ ၁၂ ရက်ထိ မြင်းခြံမြို့သို့ သွားရောက် ကွင်းဆင်းစုံစမ်းစစ်ဆေး ခဲ့သည်။

ကွင်းဆင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ သည် ဩဂုတ် ၁၀ ရက် ညနေပိုင်းတွင် တိုင်တန်းသူ(ပါ) လေးဦးတို့ကို လည်းကောင်း၊ ဩဂုတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သက်ဆိုင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို လည်းကောင်း မေးမြန်းမှတ်တမ်းတင် ခဲ့ခြင်းနှင့် အချင်းဖြစ်မြေနေရာသို့ ကွင်းဆင်းကြည့်ရှုခြင်းတို့ကို ဆောင် ရွက်ခဲ့သည်။ စစ်ဆေးတွေ့ရှိချက်များ ကို အခြေခံ၍ သုံးသပ်ချက်နှင့် အကြံ ပြုချက်များကို ကော်မရှင်သို့တင်ပြပြီး သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်း များသို့ ဆက်လက်ပေးပို့သွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**



သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၁၂**
မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) ထောက်ပံ့မှုဖြင့် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်နှင့် တိုင်းဒေသကြီး / ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသနေတောင်သူများ တက်ရောက်ကြသည်။

ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသနေတောင်သူများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီး မျိုးစေ့ထုတ် တောင်သူများကိုယ်စား တောင်သူတစ်ဦးအား ထောက်ပံ့ငွေ ပေးအပ်သည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် သဘောင့်ငူကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ရေသန့်စင်စနစ် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်က စီမံကိန်းကျေးရွာများ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း Type(1) Type(2) အဆင့်များခွဲ၍ သောက်သုံးရေဖူလုံရေး ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရေသန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်တို့ကိုလည်းကောင်း၊ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Cash For Work (CFW) စီမံကိန်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။



ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ရေသန့်ကို FDA ၏ ထောက်ခံချက်ရရှိမှုနှင့်အတူ ရေရှည်တွင်လည်း ကျန်းမာရေးနှင့်ညီညွတ်သည့် သောက်သုံးရေဖူလုံစွာ ထုတ်လုပ်ပေးနိုင်ရေး အထူးဂရုပြုထိန်းသိမ်းဆောင်ရွက်ရန်၊ CFW စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ဌာနတာဝန်ရှိသူများနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆွေးနွေးပြောကြားပြီး စီမံကိန်းတာဝန်ခံများနှင့် ကျေးရွာခေါင်းဆောင်များ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာ၌ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Cash For Work(CFW) စီမံကိန်းဖြင့် မြေရောကျောက်ရောလမ်းခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က CFW စီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေမှုများနှင့် အဆင်ပြေစွာ သွားလာနိုင်ရေး ဆောင်ရွက်မှုများ၊ ကျေးရွာအလိုက် စီမံကိန်းလုပ်ငန်းများ လျင်မြန်စွာပြီးစီးရေး ကြိုးပမ်းဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့်ကျေးရွာတွင် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP)ဖြင့် ဆောင်ရွက်သော မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအတွက် အကောင်းဆုံးအသက်အာမခံလုပ်ငန်းဆုအဖြစ် KBZ LIFE အား ချီးမြှင့်

**ရန်ကုန် ဩဂုတ် ၁၂**
စင်ကာပူနိုင်ငံအခြေစိုက် Insurance Asia အဖွဲ့အစည်းက အာရှဒေသမှ နိုင်ငံအလိုက် အသက်အာမခံလုပ်ငန်းများအား အကောင်းဆုံး လုပ်ငန်းစွမ်းဆောင်ရည်ဆု Insurance Asia Awards 2020 များ ရွေးချယ်ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံအတွက် အကောင်းဆုံးအသက်အာမခံလုပ်ငန်းဆု Domestic Life Insurer of the Year – Myanmar ကို KBZ LIFE အသက်အာမခံလုပ်ငန်းကုမ္ပဏီက ရရှိခဲ့သည်။ အဆိုပါဆုကို ဇူလိုင် ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီက Video Conferencing ဖြင့် ပေးအပ်ချီးမြှင့်ခဲ့ပြီး KBZ LIFE အသက်အာမခံလုပ်ငန်းမှ ဒုတိယဥက္ကဋ္ဌ ဦးညီမြင့်နှင့် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးနေမျိုးအောင်တို့က လက်ခံရယူခဲ့သည်။

Insurance Asia Awards ကို KPMG, PwC, Ernst & Young နှင့် Milliman စသည့် ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်းဆိုင်ရာများကို လေ့လာဆန်းစစ်သည့် အဖွဲ့အစည်းကြီးများ၏ အကြီးတန်းအရာရှိများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က စောင့်ကြည့်အကဲဖြတ်၍ ဆုများကို စိစစ်ရွေးချယ် ပေးအပ်ခြင်းဖြစ်သည်။

အဆိုပါဆုချီးမြှင့်ခံရခြင်းနှင့် ပတ်သက်၍ KBZ LIFE အသက်အာမခံလုပ်ငန်းသည် မြန်မာနိုင်ငံအတွင်း အများပြည်သူတို့ လိုအပ်လျက်ရှိသော အသက်နှင့်ကျန်းမာရေး အာမခံအကာအကွယ်များကို အများဆုံးနှင့် အကောင်းဆုံး ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ခြင်း၊ အာမခံလျော်ကြေးများကိုလည်း လျင်မြန်မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ခြင်းနှင့် မြန်မာနိုင်ငံ အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထိရောက်ဆုံးပံ့ပိုးပေးနိုင်ခြင်းတို့ကြောင့် ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒုတိယဥက္ကဋ္ဌ ဦးညီမြင့်က ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အကောင်းဆုံးအသက်အာမခံလုပ်ငန်းအဖြစ် ရွေးချယ်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်မှုအရှိဆုံးသော အသက်နှင့် ကျန်းမာရေးအာမခံအမျိုးအစားများကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် မြန်မာနိုင်ငံအာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ KBZ LIFE အသက်အာမခံလုပ်ငန်းသည် အများပြည်သူများ လိုအပ်လျက်ရှိသော အသက်အာမခံ အမျိုးအစားများ၊ ကျန်းမာရေးအာမခံ အမျိုးအစားများကို မြန်မာနိုင်ငံတစ်ဝန်း ကျယ်ပြန့်စွာဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။



**ကိုကျော်**

# စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း တောင်သူပညာပေး သရုပ်ပြပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၁၂**
စက်မှုလယ်ယာ ဦးစီးဌာန အမှတ်(၈၀) စက်မှုလယ်ယာစခန်း ပုသိမ်ကြီးမြို့မှ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း တောင်သူပညာပေး သရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် သလဲကုန်းကျေးရွာအုပ်စု ရွာရှည်ကျေးရွာရှိ တောင်သူ ဦးထွန်းဝေ၏ လယ်ယာမြေပေါ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်အဆင့် အရာရှိများ၊ ဝန်ထမ်းများနှင့် ဒေသခံတောင်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

"အခုလို ကိုဗစ်ကာလမှာ လယ်ယာလုပ်သားရှားပါးမှုကို ကုစားပေးတဲ့အနေနဲ့ ကောက်စိုက်စက်တွေနဲ့ စိုက်ပျိုးပေးနေတာဖြစ်ပါတယ်။ ကောက်စိုက်စက်နဲ့ စိုက်ပျိုးတဲ့အတွက် မျိုးစပါး၊ ကုန်ကျမှုနဲ့ စိုက်ပျိုးစရိတ်တွေသက်သာတဲ့အပြင် စပါးအထွက်နှုန်းလည်း ကောင်းမွန်တာကြောင့် တောင်သူတွေ တွက်ခြေကိုက်ပြီး လာမယ့်နှစ်တွေမှာ စက်နဲ့ စိုက်ပျိုးပေးဖို့တောင်းဆိုလာတာတွေ များလာပါတယ်" ဟု စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ထင်က ပြောသည်။

ရွာရှည်ကျေးရွာမှ တောင်သူ ဦးထွန်းဝေကလည်း "ကောက်စိုက်စက်နဲ့ နွေစပါး စပြီးစိုက်ဖြစ်တယ်။ ကုန်ကျစရိတ် သိသိသာသာသက်သာပြီး စပါးအထွက်နှုန်းကလည်း ပိုလာတယ်။ ဒါကြောင့် အခုမိုးစပါးကိုလည်း စက်မှုလယ်ယာက ကောက်စိုက်စက်နဲ့ စိုက်ပျိုးတာဖြစ်ပါတယ်။ လာမယ့်နှစ်တွေမှာလည်း စက်နဲ့ပဲ ဆက်ပြီးစိုက်သွားမှာပါ"ဟု ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တောင်ကြီးမြို့နယ်၌ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်

**တောင်ကြီး ဩဂုတ် ၁၂**
ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိမိဒေသရှိတောင်သူများ ရာသီအလိုက်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် တောင်ကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာမြေများ ထွန်ယက်ပြုပြင်ခြင်းနှင့် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ တောင်သူအကျိုးပြုဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် ရည်ရွယ်၍ စက်မှုလယ်ယာဦးစီးဌာနအစီအစဉ်ဖြင့် တောင်သူများသို့ လက်ကိုင်ရှည်လက်တွန်းထွန်စက် ၁၄၅ စီးကို အရစ်ကျစနစ်ဖြင့် ယခု ဘဏ္ဍာနှစ်အတွင်း ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

တောင်ကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနသည် စနစ်ကျလယ်ယာမြေ ဖော်ဆောင်ခြင်းလုပ်ငန်းအား ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီအမီ ကုန်းလှိုင်ကျေးရွာ၌ ဧက ၃၀၀ ဖော်ဆောင်ပေးပြီးသည့်အပြင် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများအား ထွန်စက်ကြီး ၂၄ စီးဖြင့် လည်းကောင်း၊ စပါးရိတ်သိမ်းခြွေလှေ့ခြင်းအား ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးဖြင့်လည်းကောင်း လယ်ယာဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**သီတာဦး(တောင်ကြီးကိုယ်ပွား)**



# ဒေသထွက်ကြက်သွန်နီများကို ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**
ကြက်သွန်နီစိုက်တောင်သူများ ဈေးကွက်ရရှိရေး၊ ဝင်ငွေရရှိရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် သမဝါယမကဏ္ဍက No Profit, No Loss အစီအစဉ်ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သည် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဒေသထွက်ကြက်သွန်နီ ပိဿာချိန် ၆၉၀၀ ကို ဝယ်ယူပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေါပုံ၊ သာကေတ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ မရမ်းကုန်း၊ လှိုင်၊ ကြည့်မြင်တိုင်၊ အလုံ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ လှိုင်သာယာ(အနောက်)၊ အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာ (အရှေ့) မင်္ဂလာဒုံမြို့နယ်များမှ သမဝါယမအသင်းသားပြည်သူများထံသို့ ကြက်သွန်နီ ပိဿာချိန် ၆၇၀၀ ကို လည်းကောင်း၊ သီရိစန္ဒာအထည်ချုပ်စက်ရုံမှ အသင်းသား အသင်းသူများထံသို့ ကြက်သွန်နီ ပိဿာချိန် ၂၀၀ ကိုလည်းကောင်း တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ လယ်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိုင်းရပ်စ်ကာကွယ်ဆေးဝယ်ယူရေး သဘောတူညီချက် သမ္မတ ဒေါ်နယ်ထရမ့် ကြေညာ



**ဝါရှင်တန် ဩဂုတ် ၁၂**

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၁၀၀ ဝယ်ယူမည့် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ တန်ကြေးရှိ သဘောတူညီချက်တစ်ရပ်ကို အမေရိကန် ဇီဝနည်းပညာကုမ္ပဏီ မိုဒန်နာနှင့် လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် ယင်းမှာ မေလ နောက်ပိုင်း ဆဋ္ဌမအကြိမ်မြောက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သမ္မတ ဒေါ်နယ် ထရမ့်က ယမန်နေ့တွင် ကြေညာခဲ့သည်။

"ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၁၀၀ ထုတ်လုပ်ပြီး လွှဲအပ်ဖို့ မိုဒန်နာ ကုမ္ပဏီနဲ့ သဘောတူညီချက်တစ်ရပ်ရရှိပြီးဖြစ်ကြောင်း ကြေညာပါတယ်။ ဖက်ဒရယ်အစိုးရက ဒီဗိုင်းရပ်စ်ကာကွယ်ဆေးတွေကို ပိုင်ဆိုင်မှာဖြစ်ပါတယ်" ဟု အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ဒေါ်နယ်ထရမ့်က ပြောကြားသည်။ ဗိုင်းရပ်စ်ကာကွယ်ဆေး အတည်ပြုပြီးပြီးချင်း အလုံးရေ သန်း ၁၀၀ ထုတ်လုပ်ပြီး နောက် အချိန်တိုအတွင်း အလုံးရေ သန်း ၅၀၀ ထပ်မံထုတ်လုပ်မည်ဖြစ်ရာ စုစုပေါင်း အလုံးရေ သန်း ၆၀၀ အထိ ရှိလာမည်ဖြစ်ကြောင်း ထရမ့်က ဆိုသည်။ မိုဒန်နာကုမ္ပဏီက အမေရိကန် အမျိုးသားကျန်းမာရေးအဖွဲ့(NIH)နှင့် ပူးပေါင်းဆောင်ရွက်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်မျိုးကို တတိယအဆင့် လက်တွေ့စမ်းသပ်မှုများလုပ်ဆောင်နေပြီး ကာကွယ်ဆေးထုတ်လုပ်မှုကို စမ်းသပ်မှုများ ပြုလုပ်နေစဉ် ဆောင်ရွက်မည်ဖြစ်သည်။

mRNA-1273 ခေါ် ဗိုင်းရပ်စ်ကာကွယ်ဆေးကို မိုဒန်နာကုမ္ပဏီနှင့် NIH လက်အောက်ရှိ ဒေါက်တာအန်ထော်နီဖော်စီ ဦးဆောင်သော ကူးစက်ရောဂါများ အင်စတီကျု(NIAID)က ပူးတွဲထုတ်လုပ်လျက်ရှိသည်။ ယခုနှစ်မကုန်မီ ကာကွယ်ဆေး၏ထိရောက်မှုကို သုတေသီများ သိရှိနိုင်ဖွယ်မရှိကြောင်း ဒေါက်တာဖော်စီက ပြောကြားခဲ့သော်လည်း နိုဝင်ဘာ ၃ ရက် သမ္မတရွေးကောက်ပွဲမတိုင်မီ ကာကွယ်ဆေး တစ်မျိုးရရှိရန် မျှော်လင့်ကြောင်း ထရမ့်က ပြောကြားသည်။ ယခု သဘောတူညီချက်ကြောင့် အမေရိကန်အစိုးရ၏ မိုဒန်နာကုမ္ပဏီထံမှ ဗိုင်းရပ်စ်ကာကွယ်ဆေး ဝယ်ယူမှုတန်ဖိုးမှာ ဒေါ်လာ ၂ ဒသမ ၄၈ ဘီလီယံအထိ ရှိလာပြီဖြစ်သည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က တည်ထောင်ခဲ့သည့် မိုဒန်နာကုမ္ပဏီသည် ယခင်က မည်သည့်ကာကွယ်ဆေးမျှ မထုတ်လုပ်ခဲ့ဖူးသော်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေး၏ ကနဦးရလဒ်များက အလားအလာကောင်းများ ရှိခဲ့သည်ဟု ဆိုသည်။

အမေရိကန်အစိုးရက ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်ရန် စုစုပေါင်း ဒေါ်လာ ၁၀ ဒသမ ၉ ဘီလီယံထက်မနည်း ခွဲဝေသတ်မှတ်ခဲ့သည်။ အမေရိကန်အစိုးရက Johnson & Johnson, Novavax, Pfizer နှင့် Sanofu ကုမ္ပဏီများမှ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၁၀၀ နှင့် AstraZeneca ကုမ္ပဏီမှ အလုံးရေ သန်း ၃၀၀ မှာယူခဲ့ပြီးဖြစ်သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ဗြိတိန်၌ ငါးလတာကာလအတွင်း ပထမဆုံးအကြိမ် ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်

**လန်ဒန် ဩဂုတ် ၁၂**

ဗြိတိန်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု မြင့်တက်နေသော်လည်း နိုင်ငံတစ်ဝန်းရှိ ခေါင်းဆောင်များက ပညာသင်ကြားရေးကို ပြန်လည်စတင်ရန် ကြိုးစားနေသည့်အတွက် ငါးလတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ခဲ့ကြကြောင်း သိရသည်။

စကော့တလန်အစိုးရသည် ယခုအပတ်မှစတင်ကာ နိုင်ငံ၏ဒေသအသီးသီးရှိ ကျောင်းသား ကျောင်းသူများအား တဖြည်းဖြည်း ကျောင်းပြန်လည်တက်ရောက်ရန်နှင့် အတန်းအားလုံးကိုမူ လာမည့်တစ်ပတ်မှစတင်ကာ အပြည့်အဝ ပြန်လည်ဖွင့်လှစ်ရန် ညွှန်ကြားထားကြောင်း သိရသည်။ စကော့တလန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၉၀၀၀ ရှိပြီး သေဆုံးသူ ၂၄၉၁ ဦးရှိသည်။ သို့ရာတွင် သီတင်းသုံးပတ်ကျော်ကာလအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူမရှိခဲ့ခြင်းကြောင့် ကျောင်းများပြန်လည်ဖွင့်လှစ်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇွန်လအတွင်းက ကျောင်းများပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားခဲ့သည့် အင်္ဂလန်နိုင်ငံတွင်မူ ကျောင်းသားမိဘများနှင့် သင်ကြားရေးဆရာများအကြား သဘောထားကွဲလွဲမှုများ ရှိခဲ့ခြင်းကြောင့် ကျောင်းများပြန်လည်ဖွင့်လှစ်မည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။ သို့ရာတွင် စက်တင်ဘာလရောက်မှသာ ကျောင်းသားများ ကျောင်းပြန်လည်တက်ရောက်စေမည့် အစီအစဉ်ကိုမူ အင်္ဂလန်အစိုးရက ငြင်းပယ်ထားကြောင်း သိရသည်။

**ကိုးကား-ဂျကာတာပို့စ်၊ ဘာသာပြန်-အလင်းသစ်**



# ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သန်း ၂၀ ကျော်ရှိလာ



**ပါရီ ဩဂုတ် ၁၂**

ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၁၉၆ ခုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၀၅၈၂၄၂၈ ဦးကျော်ရှိလာပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၇၄၇၁၄၀ ထက်မနည်း ရှိလာကြောင်း ယနေ့ရယူထားသည့် အေအက်ဖ်ပီသတင်းဌာန၏ နောက်ဆုံး အချက်အလက်များအရ သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၃၄၉၇၉၃၇ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံ အများအပြားတွင် ရောဂါပြင်းထန်သော လူနာများ သို့မဟုတ် ဆေးရုံတက်ရန် လိုအပ်သော လူနာများသာ စမ်းသပ်စစ်ဆေးသည့်အတွက် ယခုရရှိထားသည့် ကိန်းဂဏန်းများသည် အမှန်တကယ် ရောဂါကူးစက်ခံရသူဦးရေ၏ အစိတ်အပိုင်းကိုသာ ထင်ဟပ်စေဖွယ်ရှိကြောင်း သိရသည်။

ဩဂုတ် ၁၁ ရက်က ကမ္ဘာတစ်ဝန်း၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၉၀၆၄ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ၎င်းတို့အနက် ၆၆၀၅ ဦးသည် အဆိုပါ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ ယင်းတစ်ရက်တာအတွင်း သေဆုံးသွားသည့် ၆၆၀၅ ဦးအနက် ၁၂၇၄ ဦးသည် ဘရာဇီးနိုင်ငံမှ သေဆုံးခဲ့ခြင်းဖြစ်ပြီး သေဆုံးမှုအများဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

ထို့အတူ အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါကြောင့် ယင်းတစ်ရက်တာအတွင်း သေဆုံးသူ ၁၁၁၀ နှင့် မက္ကဆီကိုနိုင်ငံ၌ သေဆုံးသူ ၉၂၆ ဦး စသည်ဖြင့် သေဆုံးမှု ဒုတိယနှင့် တတိယအများဆုံး နိုင်ငံများဖြစ်လာခဲ့ကြသည်။

အမေရိကန် ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၀၉၆၂၂ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၆၇၇၈၉ ဦးရှိရာ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံးထိခိုက်သွားသည့် နိုင်ငံဖြစ်လာခဲ့သည်။ သို့သော် ရောဂါ ကူးစက်ခံရသူများအနက် ၂၇၅၇၄၁၀ သည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ကမ္ဘာတစ်ဝန်းရှိ လူငယ်များ ပညာသင်ယူရန်နှောင့်နှေးကြန့်ကြာနေပြီး အလုပ်အကိုင်များ ဆုံးရှုံးလျက်ရှိ


**ဂျီနီဗာ ဩဂုတ် ၁၂**

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် လူငယ်များ ပညာသင်ယူရန် နှောင့်နှေးကြန့်ကြာခဲ့ရုံမျှမက အလုပ်အကိုင်များလည်း ဆုံးရှုံးလျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)က ယနေ့ ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် လူငယ်များ၏ ပညာသင်ယူမှုအခွင့်အလမ်းများ ထိခိုက်ဆုံးရှုံးမှုနှင့် အလုပ်အကိုင်များ ဆုံးရှုံးရခြင်းနှင့်ပတ်သက်ပြီး နိုင်ငံပေါင်း ၁၁၂ နိုင်ငံမှ အသက် ၁၈ နှစ်မှ ၂၉ နှစ်အရွယ် လူငယ် ၁၂၀၀၀ ကျော်အား မေးမြန်းထားသည့် စစ်တမ်းတစ်ရပ်ကို ILO က ထုတ်ပြန်ခဲ့သည်။ အဆိုပါစစ်တမ်းအရ လူငယ် ၇၃ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် စာသင်ကျောင်းများ ပိတ်ထားသည့်အတွက် ပညာဆက်လက်သင်ယူရန် ခက်ခဲမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ စာသင်သားများအနက် ၆၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်မှုကြောင့် ယခုစာသင်နှစ်အတွက် မည်သည့် သင်ခန်းစာကိုမျှ လေ့လာဆည်းပူးရခြင်း မရှိသေးကြောင်းနှင့် ၅၁ ရာခိုင်နှုန်းသည် ၎င်းတို့၏ ပညာရေး နှောင့်နှေးကြန့်ကြာသွားမည်ဖြစ်ကြောင်းကို ယုံကြည်ထားကြသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီ အလုပ်အကိုင် လက်ဝယ်ရှိသော လူငယ်များအနက် ၁၇ ရာခိုင်နှုန်းသည် အလုပ်အကိုင်ဆုံးရှုံးခဲ့ရပြီး ၄၂ ရာခိုင်နှုန်းသည် တစ်ရက်တာအလုပ်လုပ်ချိန်များ လျှော့ချလိုက်သည့်အတွက် ဝင်ငွေများ လျော့နည်းသွားခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ပြင် စစ်တမ်းကောက်ယူခဲ့သော လူငယ်များအနက် ၁၇ ရာခိုင်နှုန်းသည် စိတ်ဖိစီးမှုများ၊ စိတ်ခုတ်ကျဆင်းမှုများ ခံစားနေရသည်ဟု အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

အဆိုပါစစ်တမ်းထွက်ပေါ်လာမှုကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန်လိုအပ်ကြောင်းနှင့် လူငယ်များ ပညာဆက်လက်သင်ယူနိုင်ရေးအတွက် အွန်လိုင်းစနစ်ကဲ့သို့သော အဝေးရောက်လေ့လာသင်ယူမှုနည်းပညာရပ်များ လက်လှမ်းမီနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသင့်ကြောင်း ILO က တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအသုံးပြုမှုအတွက် အတည်ပြုပေးခဲ့ဟု ရုရှားသမ္မတပူတင် ပြောကြား



**မော်စကို ဩဂုတ် ၁၂**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နှစ်လနီးပါးကြာ လူဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် အဆိုပါ ကာကွယ်ဆေး အသုံးပြုမှုအတွက် အတည်ပြုပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ကာကွယ်ဆေးကို လိုအပ်သည့် စစ်ဆေးမှုများအားလုံး လုပ်ဆောင်ခဲ့ပြီး ဖြစ်ကြောင်းနှင့် ၎င်း၏ သမီးဖြစ်သူကိုလည်း ယင်းကာကွယ်ဆေးထိုးနှံပေးခဲ့ရာ ထိရောက်မှု ရှိကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

အစုလိုက်အပြုံလိုက် ကာကွယ်ဆေး ထိုးနှံမှုကို အောက်တိုဘာလတွင် စတင်ရန် စီစဉ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ သို့ရာတွင် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဆိုင်ရာ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်လျက်ရှိကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ထိုသို့ စိုးရိမ်မှုများဖြစ်ပေါ်နေစဉ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေး အတွက် နိုင်ငံတကာ လမ်းညွှန်ချက်များကို ရုရှားနိုင်ငံအနေဖြင့် လိုက်နာရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြီးခဲ့သည့်သီတင်းပတ်အတွင်းက တိုက်တွန်းထားခဲ့သည်။

Sputnik-V ဟု အမည်ပေးထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရန် ရုရှားအာဏာပိုင်များနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

လူသားများဖြင့် ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်ထားပြီး လက်တွေ့စမ်းသပ်မှု အဆင့်သုံးဆင့်ပြီးမြောက်ခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ခြောက်မျိုးစာရင်းတွင် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပါဝင်ခြင်းမရှိသေးကြောင်းလည်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအမျိုးပေါင်း ၁၀၀ ကျော် ထုတ်လုပ်လျက်ရှိပြီး လူဖြင့် လက်တွေ့စမ်းသပ်မှုပြုလုပ်ထားသည့် ကာကွယ်ဆေးမှာ အနည်းငယ်သာရှိသေးကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထုတ်လုပ်မှု လျင်မြန်စွာ တိုးတက်လာခဲ့သော်လည်း မည်သည့်ကာကွယ်ဆေးမှ ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်မည်မဟုတ်ကြောင်း ကျွမ်းကျင်သူအများစုက သုံးသပ်ထားသည်။

Sputnik-V ဟု အမည်ပေးထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို မော်စကိုမြို့ရှိ ဂါမာလီယာအင်စတီကျုက သုတေသနပြု ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ဆန့်ကျင်တိုက်ဖျက်ရေးအတွက် တာရှည်ခံသည့် ခုခံစွမ်းအားကို ပေးစွမ်းကြောင်းလည်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကမ္ဘာ့ပထမဆုံးသော ဂြိုဟ်တုအမည်ကို ဂုဏ်ပြုကာ Sputnik-V ဟု အမည်ပေးခဲ့ခြင်းဖြစ်ပြီး Sputnik သည် ဂြိုဟ်တုဟုခေါ်သည့် ရုရှားစကားလုံးဖြစ်ကြောင်း သိရသည်။ **ကိုးကား- ဘီဘီစီ**

**ဘာသာပြန်- အလင်းသစ်**



# သီရိလင်္ကာအစိုးရအဖွဲ့ဝင်ဝန်ကြီးများ ကျမ်းသစ္စာကျိန်ဆို

**ကိုလံဘို ဩဂုတ် ၁၂**

ပြီးခဲ့သည့်အပတ်ကကျင်းပသော ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် သီရိလင်္ကာသမ္မတ ဂိုတာဘာယာရာဂျာပက်ဆာက အစ်ကိုနှစ်ဦးနှင့် တူတစ်ဦး တို့ပါဝင်သော အစိုးရအဖွဲ့သစ်ကို ယနေ့ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အဖွဲ့ဝင်ဝန်ကြီး ၂၆ ဦးပါ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးချုပ် မာဟင်ဒါရာဂျာပက်ဆာက ဘဏ္ဍာရေး၊ မြို့ပြဖွံ့ဖြိုးရေးနှင့် ဗုဒ္ဓဘာသာရေးရာ ဝန်ကြီးဌာနများကိုပါ တာဝန်ယူသည်။ အစ်ကိုအကြီးဆုံးဖြစ်သူ ချာမယ်ရာဂျာပက်ဆာက ဆည်မြောင်းဝန်ကြီး တာဝန်ယူပြီး နာမယ်ရာဂျာပက်ဆာက အသက်အငယ်ဆုံးဖြစ်ကာ အစိုးရအဖွဲ့တွင် အားကစားဝန်ကြီး တာဝန်ယူရသည်။ သမ္မတ ဂိုတာယာယာက ၎င်း၏ရှေ့နေဖြစ်သူ အလီဆာဘရီအား တရားရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။

မာဟင်ဒါရာဂျာပက်ဆာ သမ္မတအဖြစ် တာဝန်ယူချိန် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ဂိုတာဘာယာက တရားရုံး၏စွဲချက်များ ရင်ဆိုင်ခဲ့ရချိန် ဆာဘရီက ရှေ့နေတစ်ဦးအဖြစ် ဆောင်ရွက်ပေးခဲ့ဖူးသည်။ ပြီးခဲ့သည့် အပတ်ကကျင်းပသော ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိမှုကြောင့် ရာဂျာပက်ဆာ၏ နိုင်ငံရေးပါတီက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုများ ဆောင်ရွက်ရန် လိုအပ်သော လွှတ်တော်အမတ်နေရာ သုံးပုံနှစ်ပုံ အနိုင်ရရှိခဲ့သည်။ သို့သော်လည်း ရာဂျာပက်ဆာ၏ သက်ဆိုင်ရာ ရုံးများကြား အာဏာချိန်ခွင်လျှာ မဖြေရှင်းနိုင်မှုက ပြိုင်ဆိုင်မှု ဖြစ်စေနိုင်သည်ဟု လေ့လာသူများက ပြောသည်။

ရာဂျာပက်ဆာ မိသားစုဝင်ငါးဦးဖြစ်သည့် ဝန်ကြီးချုပ် မာဟင်ဒါနှင့် သားဖြစ်သူ နာမယ်၊ အကြီးဆုံးအစ်ကို ချာမယ်နှင့် သားဖြစ်သူ ဆာရှင်ဒရာ၊ တူဖြစ်သူ နီပူနာ ရာနာဝါကာတို့မှာ လွှတ်တော်အမတ်များ ဖြစ်သည်။ ဝန်ကြီးချုပ် မာဟင်ဒါရာဂျာပက်ဆာက သားဖြစ်သူ နာမယ်အား အမွေဆက်ခံသူအဖြစ် မြေတောင်မြှောက်ပေးလျက်ရှိသည်။

**ကိုးကား- အေအက်ဖ်ပီ**

**ဘာသာပြန်- ကျော်ထိုက်စိုး**

# အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သုံးသိန်းကျော်ရှိလာပြီး ၁၈၉၈၈ ဦး သေဆုံး

**တီဟီရန် ဩဂုတ် ၁၂**

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၁၀ ယနေ့ ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၃၃၆၉၉ ဦး ရှိလာကြောင်း၊ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၈၈ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၈၉၈၈ ဦး ရှိလာကြောင်း အီရန်အစိုးရက ယနေ့အတည်ပြုပြောကြားသည်။

တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၁၀ အနက် ၁၀၈၉ ဦးသာ ဆေးရုံတင်ခြင်းခံရကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ စီမာဆာဒတ်လာရီက ယနေ့ပြုလုပ်သော ရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားခဲ့သည်။

သို့သော် အီရန်ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အားလုံးအနက် ၂၉၀၂၄၄ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားပြီး လတ်တလောတွင် လူနာ ၃၉၄၀ သာ ဆေးဘက်ဆိုင်ရာ အနီးကပ်စောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အီရန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေး လုပ်ဆောင်လာခြင်းနှင့်အတူ နိုင်ငံတစ်ဝန်း၌ ယနေ့အထိ လူဦးရေ ၂၇၆၃၂၂၅ ဦးတို့၏ နမူနာကို စစ်ဆေးခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၁ ခု ရှိသည့်အနက် ၂၆ ခုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အရှိန်မြင့်မားလာသည့်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အနီးရောင်အဆင့် သတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က စတင်တွေ့ရှိခဲ့ပြီး ယင်းရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ တရုတ်အစိုးရနှင့် အပြန်အလှန် အကူအညီပေးကြရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဇျောတီ**



# တောင်ကိုရီးယား-အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှု ဩဂုတ် ၁၆ ရက်တွင် စတင်မည်

**ဆိုးလ် ဩဂုတ် ၁၂**

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် အမေရိကန်နိုင်ငံအခြေစိုက် တပ်ဖွဲ့များမပါဝင်ဘဲ နှစ်စဉ်ပြုလုပ်နေကျ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ယခုအပတ်အတွင်း စတင်မည်ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို စိုးရိမ်ခြင်းကြောင့် စစ်ရေးလေ့ကျင့်မှုတွင် တပ်ဖွဲ့ဝင် အရေအတွက် လျှော့ချမည်ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့များ ခရီးသွားလာမှုကို ခြိမ်းခြောက်နေသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဩဂုတ်လတွင် စတင်လေ့ရှိသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့်ပတ်သက်၍ မည်ကဲ့သို့ညှိမည်ဆိုသည်ကို မဟာမိတ်နှစ်နိုင်ငံက ဆွေးနွေးလျက်ရှိသည်။

ကျည်အစစ် အသုံးပြုခြင်းထက် ကွန်ပျူတာ ထိန်းချုပ်စနစ်ဖြင့် ပုံစံတူပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုတွင် နှစ်နိုင်ငံစလုံးမှ တပ်ဖွဲ့ဝင်ထောင်ချီ၍ ပါဝင်မည်ဖြစ်သည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဩဂုတ် ၁၆ ရက်မှ ၂၈ ရက်အထိ တပ်ဖွဲ့ဝင်အရေအတွက်နှင့် ညပိုင်းလေ့ကျင့်မှုများ လျှော့၍ပြုလုပ်မည်ဖြစ်ကြောင်းနှင့် အစီအစဉ်များ အပြီးသတ်ခြင်းမရှိသေးကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ဇူလိုင်လနောက်ပိုင်း တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင် ၂၈၅၀၀ နှင့် ၎င်းတို့၏ မိသားစုဝင်များ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၆၅ မှုဖြစ်ပွားခဲ့ရာ စစ်ဘက်အခြေစိုက်စခန်း အနီးရှိ တောင်ကိုရီးယားဒေသခံများကြား စိုးရိမ်မှုများ ရှိလာခဲ့သည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို စစ်ပွဲတစ်ရပ် ဆင်နွှဲရန် အစမ်းလေ့ကျင့်သည်ဟုဆိုသည့် မြောက်ကိုရီးယားနိုင်ငံက အနီးကပ်စောင့်ကြည့်လျက် ရှိသည်။ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်များ ဖျက်သိမ်းရန် ရည်ရွယ်သော အမေရိကန်နိုင်ငံ၏ စေ့စပ်ညှိနှိုင်းမှုများ အဆင်ပြေစေရန် မကြာသေးမီနှစ်များ အတွင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်းများ လျှော့ချခဲ့သည်။ **ကိုးကား- သည်စထရိတ်တိုင်းမ်**

**ဘာသာပြန်- ကျော်ထိုက်စိုး**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ**
**၂၀၅၉၂၄၂၈ ဦး**

**သေဆုံးသူ**
**၇၄၇၁၄၀ ဦး**

**ပြန်လည်ကျန်းမာလာသူ**
**၁၃၄၉၇၉၃၇ ဦး**

## မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်ဆောင်ရွက်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ဆောင်ရွက်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မအရ အမှုဖွင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ည/ ၁၁ ရပ်ကွက် ထော်ပိုင်လမ်းနေ ဒေါ်အေးအေးလွင်၊ တူဖြစ်သူ နိုင်လင်းအောင်(ခ)ငပွကြီးနှင့် ကချင်ပြည်နယ် မိုးကောင်းမြို့နေ မခိုင်သဇင်မိုး(ခ)မပိုးဥ တို့သည် (၂၁)နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးအား ကြွေးမြီဖြင့် နှောင်ဖွဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ဩဂုတ် ၈ ရက်က ရန်ကုန်မှ မူဆယ်သို့ ခရီးသည်တင်မော်တော်ယာဉ်ဖြင့် ခေါ်ဆောင်လာစဉ် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့အရောက် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(တောင်ငူ)မှ ရဲအုပ်အောင်ကျော်သူ ဦးစီးအဖွဲ့က သတင်းအရ မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော အဆိုပါအမျိုးသမီးအား ကယ်တင်နိုင်ခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများဖြစ်သည့် ဒေါ်အေးအေးလွင်၊ နိုင်လင်းအောင်(ခ)ငပွကြီးနှင့် မခိုင်သဇင်မိုး (ခ) မပိုးဥတို့အား ကညွတ်ကွင်း နယ်မြေရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မဖြင့် အမှုဖွင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရန်ကုန်–မန္တလေး အမြန်လမ်း၌ ခရီးသည်ထံမှ ငွေကျပ် ၂၇ သိန်းကျော် ပစ္စည်းနှင့် ငွေများ ခါးပိုက်နှိုက်သွားသူကို နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

**ရေတာရှည် ဩဂုတ် ၁၂**

မြစ်ကြီးနား–ရန်ကုန် ပြေးဆွဲနေသော တက်နေလင်း ခရီးသည်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် အမျိုးသားတစ်ဦးထံမှ ငွေကျပ် ၂၇ သိန်းကျော်ရှိ ပစ္စည်းနှင့် ငွေများ ခါးပိုက်နှိုက်သွားသူကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ အမြန်လမ်းရဲစခန်းက ယနေ့ နံနက် ၇ နာရီ မိနစ် ၅၀ ခန့်က သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သာဂရအမြန်လမ်းရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမှ ရန်ကုန်သို့ ဦးလှမြတ်မင်း မောင်းနှင်လာသည့် မြစ်ကြီးနား – ရန်ကုန် ခရီးသည်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသော ကိုကျော်ကျော်ဦး၏ ရွှေကြိုးတစ်ခုပါ သံကြိုးဆက်ပုံ အလေးချိန် နှစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး၊ ဖုန်းတစ်လုံး၊ ငွေကျပ် ငါးသိန်းကျော်ထည့်ထားသည့် ပိုက်ဆံအိတ်တစ်လုံး၊ နာရီတစ်လုံး ပျောက်ဆုံးသွားခဲ့ကြောင်း၊ ၎င်းနှင့်ကပ်လျက် အတူစီးနင်းလာသော ခရီးသည်ဖြစ်သည့် ဦးတင်အေးမှာ အမြန်လမ်းမကြီး မိုင်တိုင် ၂၀၀ ခန့်တွင် ယာဉ်ပေါ်မှ ဆင်းကျန်ရစ်ခဲ့ကြောင်း သိရ၍ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်အရေးယူပေးရန် သာဂရအမြန်လမ်းရဲစခန်းတွင် ယင်းနေ့ နံနက် ၅ နာရီ ၄၅ မိနစ်က သတင်းပေး တိုင်တန်းခဲ့သည်။

သာဂရအမြန်လမ်းရဲစခန်း စခန်းမှူး ရဲအုပ်ကျော်စွာလတ်နှင့် တာဝန်မှူး(အမှုစစ်) ရဲအုပ်ဝင်းကို ဦးစီးအဖွဲ့က အမြန်လမ်းရဲစခန်းအသီးသီးကို သတင်းဖြန့်ဝေစုံစမ်းချက်များအရ ဆင်းနေရစ်ခဲ့သော တင်အေးမှာ မန္တလေး–ရန်ကုန် ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာကြောင်း သတင်းအရ သာဂရအမြန်လမ်းရှေ့၌ ပိတ်ဆို့စစ်ဆေးခဲ့ရာ နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် တင်အေးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ ပျောက်ဆုံးပစ္စည်း ၂၇၄၀၀၀၀ ကျပ်တန်ဖိုးရှိ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရမိသဖြင့် သာဂရအမြန်လမ်းရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ် တန် ၃၈၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ မှ ၉ ရက်အထိ နေပြည်တော်ကောင်စီ နယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၇၉ ဒသမ ၀၁၆၆ တန်၊ သစ်မာ ၄၃ ဒသမ ၆၈၈၄ တန်၊ အခြား ၁၅၉ ဒသမ ၅၅၉၀ တန် စုစုပေါင်း ၃၈၂ ဒသမ ၂၆၄၀ တန်၊ ပြစ်မှုကျူးလွန်သူ ၅၄ ဦး၊ ယာဉ်/ယန္တရား ၄၂ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် လူမှုကွန်ရက်စာမျက်နှာ Facebook ပေါ်တွင် ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသည့်အတွက် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက်များအရ Arsenic ပါဝင်ခြင်းတို့ကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။



အာယုသိဒ္ဓိသက်ရှည်ဆေးမှုန့်

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ဓာတ်ခွဲတွေ့ရှိချက် |
|---|---|---|---|---|---|
| ၁ | အာယုသိဒ္ဓိ | သက်ရှည်ဆေး | ဆေးမှုန့် /ဘူး | လိပ်စာ ဖော်ပြထားခြင်း မရှိပါ။ | Arsenic (5.3 ppm) |
| ဘေးထွက်ဆိုးကျိုးအနေဖြင့် ပမာဏများစွာ ကြာရှည်ထိတွေ့ပါက နာတာရှည် Arsenic အဆိပ်သင့်ခြင်း ဖြစ်ပွားစေနိုင်ပါသည်။ အရေပြားရောဂါများ၊ အရေပြားကင်ဆာအပြင် ဆီးအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာများ ဖြစ်ပွားစေနိုင်ပါသည်။ | | | | | |

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ထားဝယ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ICE မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ထားဝယ် ဩဂုတ် ၁၂**

တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့က တိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ထားဝယ်မြို့မရဲစခန်းမှ ရဲအုပ်ဝင်းမင်းဦး ဦးစီးအဖွဲ့သည် ဩဂုတ် ၁၀ ရက် ည ၉ နာရီက ထားဝယ်မြို့ပေါ်ရပ်ကွက်များအတွင်း နယ်မြေသတင်းစုံစမ်းနေစဉ် ဒေါင်းငူရပ်ကွက် မင်္ဂလာလမ်းနှင့် စိတ္တသုခလမ်းထောင့်တွင် ထိုင်နေကြသော ထူးထက်လင်း၊ အောင်ကျော်(ခ)သားခွား၊ ရဝေနိုင်နှင့် အောင်ညီညီဟိန်းတို့လေးဦးအား တွေ့ရှိသဖြင့် ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရှိရသဖြင့် ထူးထက်လင်းပါ လေးဦးအား ထားဝယ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ထားဝယ်မြို့ အမှတ်(၃၃) မူးယစ်တပ်ဖွဲ့စုမှ ဒုရဲအုပ်ကျော်ဇင်လတ် ဦးစီးအဖွဲ့သည် သတင်းအရ ကြက်စားပြင်ရပ်ကွက် ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာဇေတံတားတွင် စောင့်ဆိုင်းနေစဉ် ဇာနည်အား ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား၊ ICE မူးယစ်ဆေးဝါးတို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ၎င်းအား စစ်မေးရာ လောင်းလုံးမြို့နေသူ မောင်မောင်လတ်ထံမှ ဝယ်ယူရရှိကြောင်းသိရသဖြင့် အရေးယူဆောင်ရွက်ခဲ့ရာ ယမန်နေ့တွင် မောင်မောင်လတ်အား ဒေါင်းငူရပ်ကွက်ရှိ စည်သူစိုး၏ ဆိုင်ကယ်ပြင်ဆိုင်တွင် ICE မူးယစ်ဆေးဝါးများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။ ထို့ကြောင့် ဇာနည်နှင့် မောင်မောင်လတ်တို့အား ထားဝယ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**




## ဘားအံ၊ ဖောင်းပြင်၊ ကျိုက်ထိုနှင့် ပေါင်းလောင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၂**

ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၀ ရက် ည ၁၀ နာရီက ဘားအံမြို့နယ် ဘင်ဂျီကျေးရွာအုပ်စု ဝါးဘိုးတောကျေးရွာ ဝါးဘိုးတောစစ်ဆေးရေးဂိတ်တွင် စိုင်းကျော်မိုး(ခ)ခန့်ကျော် မောင်းနှင်ပြီး လွန်းရွှေ၊ ဝင်းဝင်းမော်နှင့် မနန်းခရောင်း(ခ)အေးအေးမိုးတို့ လိုက်ပါလာသည့် ဟိုက်ဂျက်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဩဂုတ် ၁၁ ရက် နံနက် ၅ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖောင်းပြင်မြို့နယ် လွင်ကြီးကျေးရွာအုပ်စု မြောက်လွင်–အင်ကုန်းကျေးရွာသွားကားလမ်းတွင် တင်စိုးဦး(ခ)စိုးစိုး မောင်းနှင်ပြီး မောင်လင်း(ခ)ကိုလင်း လိုက်ပါလာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၁၀ ကီလို၊ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၀ တို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၈ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မရမ်းချောင်စစ်ဆေးရေးစခန်းအနီးရှိ ရော်ဘာခြံ၌ မဖြူအား ESTIMA မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ ကန်တာမော်တော်ယာဉ်ဖြင့် စိုးမြင့်အား လည်းကောင်း တွေ့ရှိ၍ စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၆၄၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၉၀၀၀၀ နှင့် ၎င်းတို့ထံမှ လက်ကိုင်ဖုန်း ငါးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ ဩဂုတ် ၁၁ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၉)ရပ်ကွက်နေ ဇေယျာထွန်းအား ၎င်း၏ နေအိမ်၌ လည်းကောင်း၊ ညပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၃) ရပ်ကွက်နေ ရဲထွဋ်ဦး(ခ)ဝမ်ရှု(ခ)ဂျွန်ပိုင်းအား ၎င်း၏နေအိမ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

အလားတူ ဩဂုတ် ၁၀ ရက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ်၊ ပေါင်းလောင်းမြို့ လိန်းလီကြိုးတံတားထိပ်တွင် ဘစံ မောင်းနှင်လာသည့် Mazada Bongo မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၅ ဒသမ ၉၇ ကီလို၊ ဘိန်းဆီခဲ သုည ဒသမ ၄ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

**မူးယစ်ကင်းစင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာခြင်း

**ပထမ အကြိမ်**

၁၄ ရက် — ဇူလိုင်လ ၂၅ ရက် မှ ဩဂုတ် လ ၇ ရက်

၇ ရက် ထပ်မံတိုးမြှင့်ကပ်ထားခြင်း — ဩဂုတ်လ ၈ ရက် မှ ဩဂုတ်လ ၁၄ ရက်

**ဒုတိယအကြိမ်**

**အောက်တိုဘာ** လတွင် ၁၄ ရက် ထပ်မံကပ်ထားပါမည်

မဲစာရင်း ကို ကြည့်ရှု ပါ

ပုံစံ (၃) — မိမိအမည် မတွေ့ / မပါ လျှင် ပုံစံ (၃) တောင်းယူ ဖြည့်စွက်ပြီး တောင်းဆိုပါ

ပုံစံ (၄) — မဲစာရင်းမှာမပါသင့်သူများကိုပုံစံ (၄) တောင်းယူ ဖြည့်စွက်ပြီး ကန့်ကွက်ပါ

ပုံစံ (၄-က) — မဲစာရင်းမှာပါနေသည့် အချက်အလက်ကို ပြင်ဆင်လိုလျှင် ပုံစံ (၄ - က) တောင်းယူ ဖြည့်စွက်ပြီး ပြင်ဆင်ပါ

ကိုယ်တိုင် သို့မဟုတ် မိသားစုမှတစ်ဦး၊ မိတ်ဆွေ တစ်ဦးဦး သွားရောက်၍ မဲစာရင်းကိုစစ်ဆေးပါ

သင်လိုအပ်သည့် ပုံစံများကို ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ တွင် အခမဲ့ရယူပါ


## ရွေးကောက်ပွဲကျင်းပရန် ၈၇ ရက်သာ လိုတော့သည်။

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

**ရွေးကောက်ပွဲများသည် -**

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (စ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။




## လဟယ်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းလာရောက်ကြည့်ရှုသူ ၁၇၁၀၀ ကျော်ရှိ



**လဟယ် ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန်အတွက် မဲစာရင်းများ ကြေညာထားပြီး မဲစာရင်း လာရောက်ကြည့်ရှုသူ ၁၇၁၀၀ ကျော် ရှိပြီဖြစ်ကြောင်း နာဂဒေသ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။

လဟယ်မြို့နယ်၌ ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှု၌ ယမန်နေ့အထိ မဲစာရင်းတွင် မိမိအမည်မပါရှိ၍ ပုံစံ(၃)ဖြင့် လျှောက်ထားသူ ၅၉၈ ဦး၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေ၍ ပုံစံ(၄)ဖြင့် လျှောက်ထားသူ ၂၃၀ နှင့် မဲစာရင်းတွင် မိမိအမည်နှင့် အချက်အလက်မှားယွင်းနေ၍ ပုံစံ(၄-က)ဖြင့် ပြင်ဆင်ပေးရန် လျှောက်ထားသူ ၉၇၀ ရှိကြောင်း သိရသည်။

**မဲရုံ ၂၄၂ ရုံ**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လဟယ်မြို့နယ်၌ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲဆန္ဒရှင်စာရင်း ၇၄၅၆၃ ဦးရှိပြီး ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လေရှီး၊ လဟယ်၊ နန်းယွန်းစသည့် မြို့နယ်များ၌ မဲရုံစုစုပေါင်း ၂၄၂ ရုံ စီစဉ်ထားကြောင်း နာဂဒေသ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။

မွေးကြူဇင်(မုံရွာကိုယ်ပွား)

# ဩဂုတ် ၁၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၃၆၁ ဦး ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၁၂

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ တစ်ဦးထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၆၁ ဦးရှိသွားပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူ တစ်ဦးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၆၁ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၃၁၈ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၁၀ ရှိကြောင်းနှင့် ဩဂုတ် ၁၁ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၁၂ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၆ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၈၈၀၁ | ၃၆၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၁၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၉၈၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၁၀ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထား၍)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၇၃ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၆ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၆၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၂-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၃၀၉၆၂၂ | ၂၇၅၇၄၁၀ | ၁၆၇၇၈၉ |
| ၂။ | ဘရာဇီး | ၃၁၁၂၃၉၃ | ၂၂၄၃၁၂၄ | ၁၀၃၀၉၉ |
| ၃။ | အိန္ဒိယ | ၂၃၆၀၃၅၈ | ၁၆၆၂၄၅၇ | ၄၆၅၃၆ |
| ၄။ | ရုရှား | ၉၀၂၇၀၁ | ၇၁၀၂၉၈ | ၁၅၂၆၀ |
| ၅။ | တောင်အာဖရိက | ၅၆၆၁၀၉ | ၄၂၆၁၂၅ | ၁၀၇၅၁ |
| ၆။ | မက္ကဆီကို | ၄၉၂၅၂၂ | ၃၃၂၈၀၀ | ၅၃၀၂၉ |
| ၇။ | ပီရူး | ၄၈၉၆၈၀ | ၃၃၅၇၅၆ | ၂၁၅၀၁ |
| ၈။ | ကိုလံဘီယာ | ၄၁၀၄၅၃ | ၂၃၀၄၂၇ | ၁၃၄၇၅ |
| ၉။ | ချီလီ | ၃၇၆၆၁၆ | ၃၄၉၅၄၁ | ၁၀၁၇၈ |
| ၁၀။ | စပိန် | ၃၇၃၆၉၂ | စိစစ်ဆဲ | ၂၈၅၈၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၁၄၃၇၄၉ | ၆၈၉၉၇ | ၂၄၀၄ |
| ၂။ | အင်ဒိုနီးရှား | ၁၃၀၇၁၈ | ၈၅၇၉၈ | ၅၉၀၃ |
| ၃။ | စင်ကာပူ | ၅၅၃၉၅ | ၅၀၁၂၈ | ၂၇ |
| ၄။ | မလေးရှား | ၉၁၁၄ | ၈၈၁၇ | ၁၂၅ |
| ၅။ | ထိုင်း | ၃၃၅၆ | ၃၁၆၉ | ၅၈ |
| ၆။ | ဗီယက်နမ် | ၈၈၀ | ၄၀၀ | ၁၇ |
| ၇။ | မြန်မာ | ၃၆၁ | ၃၁၈ | ၆ |
| ၈။ | ကမ္ဘောဒီးယား | ၂၆၈ | ၂၂၀ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| ၁၀။ | လာအို | ၂၀ | ၁၉ | ၀ |

## Cash for Work စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

ရေတာရှည် ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ နိုင်ငံတော်မှ ချမှတ်ထားသော COVID-19 Economic Relief Plan(CERP)အရ ကျေးလက်ဒေသနေ မိသားစုဝင်များ ဝင်ငွေနည်းပါးခြင်းနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် Cash for Work စီမံကိန်းဖြင့် ဖျံချောင်း၊ သမဆယ်၊ ဝဲဒေါင့်၊ ဒေါင်းအင်းကုန်း၊ ကြာအင်းကုန်း၊ ရှမ်းရွာလေး၊ နဂျပ်၊ ပိတောက်ကုန်း၊ မိချောင်းအိုင် စသည့် ကျေးရွာပေါင်း ခုနစ်ရွာအား တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ စီဖြင့် ဇူလိုင် ၂၃ ရက်မှစတင်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ စာသင်ကျောင်းနှင့် အခြားသောဒေသ၏ လိုအပ်သည့်နေရာများတွင် ဒေသခံပြည်သူများ ကိုယ်တိုင်ဆောင်ရွက်ကြခြင်းဖြစ်ပြီး သတ်မှတ်လုပ်အားခကို ရရှိနိုင်ခြင်းကြောင့် မိသားစုအလိုက် စားဝတ်နေရေးအထောက်အကူပြုနိုင်ပြီဖြစ်သည်။

ထိုသို့ ဒေသခံပြည်သူများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော ကြံသန္တယ်ကျေးရွာအုပ်စု ဖျံချောင်းကျေးရွာသို့ တောင်ငူကျေးလက် ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်နှင့် ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့ပြီး လိုအပ်ချက်များအား ကျေးရွာနေပြည်သူများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

**COVID -19 ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## ထန်းတပင်ရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၂၅၂၇၆ စုအား ထောက်ပံ့ငွေများ ပေးအပ်

ထန်းတပင် ဩဂုတ် ၁၂

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးသည့် ထောက်ပံ့ငွေများအား ထန်းတပင်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများထံသို့ ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ငွေများပေးအပ်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်းက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း၊ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်တို့က မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၂၅၂၇၆ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေ ကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ်စုစုပေါင်း ၅၀၅၅၂၀၀၀၀ ကို ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၉ အုပ်စုတို့မှ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများထံသို့ လွှဲပြောင်းထောက်ပံ့ပေးအပ်သည်။ ထို့နောက်



တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာ အုပ်စုများရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများထံသို့ ထောက်ပံ့ငွေများကို ဆက်လက်ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား ပြီးခဲ့သည့် ဧပြီလပိုင်းမှစတင်၍ အခြေခံစားသောက်ကုန်(၅)မျိုးကို ပထမအကြိမ်အဖြစ် အိမ်ထောင်စု ၁၄၂၂၇ စုတို့အား လည်းကောင်း၊ ဒုတိယအကြိမ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိခဲ့သည့် အိမ်ထောင်စု ၁၁၀၄၉ စုအတွက် ငွေကျပ် ၁၆၅၇၃၅၀၀၀ ကိုလည်းကောင်း၊ တတိယအကြိမ်တွင် အိမ်ထောင်စု ၂၅၂၇၆ စုတို့အတွက် ငွေကျပ် ၅၀၅၅၂၀၀၀၀ နှင့် ယခုစတုတ္ထ အကြိမ်တွင် အိမ်ထောင်စု ၂၅၂၇၆ စုတို့အတွက် စုစုပေါင်းငွေကျပ် ၅၀၅၅၂၀၀၀၀ ကိုလည်းကောင်း ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှု



COVID နဲ့ပတ်သက်တဲ့ စီမံကိန်းတွေချမှတ်ရာမှာ ရေတိုအဖြေတစ်မျိုးတည်းကို ကြည့်တာမဟုတ်ဘဲ ရေရှည်အတွက် နိုင်ငံရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးလိုအပ်ချက်တွေသာမက၊ နိုင်ငံရေး ဦးတည်ချက်တွေကိုပါ မျက်ခြည်မပြတ်ကြည့်ဖို့လိုပါတယ်။

စိန်ခေါ်မှုတစ်ခုကို စည်းစည်းလုံးလုံးနဲ့ ပြည်ထောင်စုသွေးရင်းတွေ အတူရင်ဆိုင်ကျော်လွှားမှုတစ်ခုဆိုတာ တစ်နေ့အတွက်၊ တစ်ခဏအတွက်သာ အဓိပ္ပာယ်ရှိတဲ့ ဖြစ်ရပ်လေးမဟုတ်ပါဘူး။ ကျွန်မတို့ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုပါ။ အေးချမ်းသာယာဖွံ့ဖြိုးတဲ့ ဒီမိုကရေစီပြည်ထောင်စုကြီးဖြစ်ပေါ်ရေး အိပ်မက်အတွက် ရင်းနှီးမြှုပ်နှံလိုက်တာဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏
၂၅-၅-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၂-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၅၇၉)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၃၁) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၄) ခု
- စုစုပေါင်း (၁,၁၆၉)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရပါသည်။

၂။ (၁၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၆၁) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၅)ဦး (Case-261, 341, 344, 351, 352) ရှိသဖြင့် စုစုပေါင်း (၃၁၈) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၁၀) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၁-၈-၂၀၂၀) ရက်နေ့၊ မွန်းတည့်(၁၂:၀၀) နာရီမှ (၁၂-၈-၂၀၂၀)ရက်နေ့၊ မွန်းတည့်(၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၆) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၂-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၇၉) ခု |
| (၁၂-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၅) ခု |
| (၁၂-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၃၁) ခု |
| (၁၂-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၆၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၅) ဦး | (၃၁၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၁၂-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID -19 လူနာတွေ့ရှိမှု**
**ည (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 361 | ၃၅ နှစ် | ကျား | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒဂုံမြို့နယ်) |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၂-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၁၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၂)ခုတွင် -
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၆၉၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၆၈)ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၁)ခု၊
- စုစုပေါင်း (၁,၁၄၅)ခု အား စစ်ဆေးပြီးစီးခဲ့ပါသည်။

၃။ (၁၂-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၆၀) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၂-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၁-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် နိုင်ငံအရပ်ရပ်တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအတွက် မြန်မာသံရုံး ဝါရှင်တန်မြို့နှင့် မြန်မာသံရုံး ဆိုးလ်မြို့တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဒုတိယအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်အား ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြေးဆွဲခဲ့သည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံသား ၉၂ ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား ၁၈ ဦးနှင့် မြန်မာသင်္ဘောသား ၁၅ ဦး စုစုပေါင်း ၁၂၅ ဦးတို့ လိုက်ပါလာခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေ ချောမွေ့စွာ ပြန်လည် ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိ မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၄၈၂ ဦးအား ကယ်ဆယ်ရေးလေယာဉ်/အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## မြဝတီမြို့ အမှတ်(၂) တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၇၁ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဩဂုတ် ၁၂**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၇၁ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား တာဝန်ရှိသူများက ကြိုဆိုကြပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၁၂ ရက်အထိ ၈၀၁၅ ဦး စုစုပေါင်း ၆၃၆၃၀ တို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၂၇၄ ဦး၊ အမျိုးသမီး ၁၉၇ ဦး စုစုပေါင်း ၄၇၁ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## နှစ်ရက်ကြာ စစ်ဆေးချက်များအရ MNL ကလပ်အသင်းများနှင့် ဒိုင်လူကြီးများတွင် ကိုဗစ်-၁၉ ရောဂါပိုးမရှိ

**ရန်ကုန် ဩဂုတ် ၁၂**

ပြည်တွင်းဘောလုံးပြိုင်ပွဲများ အမြန်ဆုံးပြန်လည်စတင်နိုင်ရန်အတွက် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများမှ အုပ်ချုပ်မှုအဖွဲ့၊ နည်းပြများနှင့် ကစားသမားများ၊ ပြည်တွင်းဘောလုံးပွဲများတွင် တာဝန်ယူကိုင်တွယ်မည့် ဒိုင်လူကြီးများအား ဩဂုတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခဲ့ရာ အားလုံးရောဂါပိုးကင်းစင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်သည် ပြည်တွင်းဘောလုံးပြိုင်ပွဲများ ပြန်လည်စတင်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်လျက်ရှိပြီး ရောဂါပိုးစစ်ဆေးပြီးသည့် ရန်ကုန်အသင်းမှလွဲ၍ ကျန်ကိုးသင်းကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ဇွန်လကတည်းက ကိုယ်ပိုင်အစီအစဉ်ဖြင့် ရောဂါပိုးစစ်ဆေးခဲ့ပြီး အားလုံးရောဂါပိုးကင်းစင်ထားသည်။ မြန်မာနေရှင်နယ်လိဂ်သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ညှိနှိုင်းကာ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၁၀ ရက်တွင် ရှမ်းယူနိုက်တက်၊ ရတနာပုံ၊ ရခိုင်၊ မကွေးနှင့် Southern အသင်း၊ ဩဂုတ် ၁၁ ရက်တွင် ဟံသာဝတီ၊ ဧရာဝတီ၊ အား/ကာသိပ္ပံနှင့် စစ်ကိုင်းအသင်း၊ ပြည်တွင်းပွဲများတွင် တာဝန်ယူမည့် ဒိုင်လူကြီးများ အပါအဝင် စုစုပေါင်း ၃၀၀ ကျော်အား စစ်ဆေးခဲ့ရာ အားလုံးရောဂါပိုးကင်းစင်ခဲ့ခြင်းဖြစ်သည်။ ကလပ်အသင်းအားလုံးမှာလည်း ရောဂါကူးစက်မှုမရှိစေရန် ပြိုင်ပွဲအပြီးထိ Camp Quarantine နေထိုင်လျက်ရှိပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီစဉ်ပေးထားသည့် လေ့ကျင့်ရေးကွင်းများတွင် လေ့ကျင့်လျက်ရှိသည်။

မြန်မာနေရှင်နယ်လိဂ်သည် ရပ်နားထားသည့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ လက်ကျန်ပွဲများကို ဩဂုတ် ၂၂ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

**ရှိုင်းထက်ဇော်**

## Cash For Work စီမံကိန်းဖြင့် တောင်သူများ ဝင်ငွေရရှိရေးဆောင်ရွက်

**ဝိုင်းမော် ဩဂုတ် ၁၂**

ကိုဗစ် - ၁၉ ရောဂါကြောင့် စီးပွားရေးထိခိုက်မှုအပေါ် ပြန်လည်ကုစားရန်အတွက် (COVID-19 Economic Relief Plan - CERP ) အစီအစဉ်အရ ဝိုင်းမော်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝါရှောင်ဆည် လက်တံမြောင်းရှင်းလင်းရေးလုပ်ငန်းများအတွက် Cash For Work စီမံကိန်းထောက်ပံ့ငွေဖြင့် တောင်သူများကိုယ်တိုင် သဲနုန်းဆယ်ခြင်း၊ မြောင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဩဂုတ် ၈ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Cash For Work စီမံကိန်းထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ဝါရှောင်ဆည်လက်တံမြောင်းရှင်းလင်းရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိဦးနေဝင်းဦးက “ဝါရှောင်ဆည်မှာ အမှန်တကယ်ရေပေးဝေနေတဲ့ လက်တံမြောင်းလေးခုဖြစ်တဲ့ (M၊N၊L၊H1)တို့မှာ သဲနုန်းတူးဖော်ခြင်း၊ မြောင်းရှင်းလင်းရေးနှင့် မြောင်းတာပေါင်များ ကြံ့ခိုင်မှုရှိစေရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ဖြင့် တောင်သူတွေလည်း ကိုယ်တိုင်ဆောင်ရွက်နိုင်အောင် စည်းရုံးဟောပြောပြီး သူတို့လည်း တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင်၊ နိုင်ငံတော်က ဆောင်ရွက်ရမယ့်လုပ်ငန်းများလည်း ပြီးစီးအောင် ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်” ဟု ရှင်းလင်းပြောကြားသည်။

**မျိုးမြင့်စိုး(ပြန်/ဆက်)**

## ရွှေပြည်သာနှင့် မှော်ဘီမြို့နယ်တို့၌ အခြေခံလူတန်းစားအိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာသနာ့ဗိမာန်တော်ကြီးနှင့် မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အစည်းအဝေးခန်းမတို့၌ အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည့်အခမ်းအနားကို ယနေ့တွင် ကျင်းပခဲ့သည်။


ထိုသို့ပေးအပ်ရာတွင် ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း၊ အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များက မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၅၂၄၆၇ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၀၄၉၃၄၀၀၀၀ ကို ရပ်/ကျေး အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အလားတူ မှော်ဘီမြို့နယ်တွင်လည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေနှင့် တာဝန်ရှိသူများက ရပ်ကွက်ကျေးရွာ ၄၃ အုပ်စုရှိ အိမ်ထောင်စု ၁၆၁၄၆ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၂၂၉၂၀၀၀၀ ကို ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများထံ ဆက်လက်ထောက်ပံ့ပေးအပ်သွားရန် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း၌ အခြေခံစားသောက်ကုန် ပစ္စည်းခြောက်မျိုး (ပထမအကြိမ်)၊ ငွေကျပ် ၁၅၀၀၀ (ဒုတိယအကြိမ်)၊ ငွေကျပ် ၂၀၀၀၀ (တတိယအကြိမ်) အခြေခံလူတန်းစားအိမ်ထောင်စုများအား ထောက်ပံ့ပေးခဲ့ပြီး ယခုထပ်မံ၍ စတုတ္ထအကြိမ်ငွေကျပ် ၂၀၀၀၀ ကို အခြေခံလူတန်းစားများအား ၎င်းတို့နေထိုင်ရာ နေအိမ်လက်ဝယ်အရောက် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက သွားရောက်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**







# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ရဲတာဝန် အလုပ် ဝတ္တရား

ဒေါ်ခင်စိမ်းဝင်း(ကရင်ပြည်နယ်တရားရေးဦးစီးမှူး) စီစဉ်သည့် ရဲတာဝန် အလုပ် ဝတ္တရားစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် အရပ်သားများ ရာဇဝတ်မှုခင်းများနှင့် ကြုံရလျှင်၊ ရဲများ အမှုဖွင့်ဆောင်ရွက်တော့မည်ဆိုလျှင်၊ ဥပဒေအရာရှိများ အကြံပေးတော့မည်ဆိုလျှင်၊ ရှေ့နေများ ရာဇဝတ်မှုလိုက်ရာတွင်၊ တရားရုံးများ စီရင်ဆုံးဖြတ်တော့မည်ဆိုလျှင်၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံး၊ သက်သေခံဥပဒေ၊ ရဲအက်၊ ရန်ကုန်ရဲအက်၊ စစစ အက်၊ အထူးဥပဒေ ၁၅ မျိုးတို့၏ ထူးခြားသောစီရင်ထုံးများ၊ မှတ်ချက်များစွာကို အသင့်ရှာဖွေဆောင်ရွက်နိုင်မည့်အပြင် ရဲစာမေးပွဲများ၏ မေးခွန်းနှင့် အဖြေ ၁၀၀ ကျော် ပါဝင်သည့်အတွက် ရာဇဝတ်မှုခင်းအဘိဓာန်အဖြစ် အသုံးပြုနိုင်သည်။

စာအုပ်ကို ခင်မြတ်သူစာပေ၊ အမှတ်-၁၁၊ ဒဂုဏ်သီရိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ - ၉၆၄၀၈၂၁၆၄ နှင့် ၀၉ - ၇၃၀၈၂၁၆၄ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဖြန့်ချိသည်။




## ဆာရိုနာရနှင့် ဂျပန်ခရီးသွားဆောင်းပါးများ စုစည်းမှု

အောင်အောင် (IR) ရေးသားသော 'ဆာရိုနာရနှင့် ဂျပန်ခရီးသွား ဆောင်းပါးများ စုစည်းမှု စာအုပ်'ကို ငြိမ်းချမ်းရေးစာပေမှ ထုတ်ဝေလိုက်သည်။ ယခုထုတ်ဝေလိုက်သော 'ဆာရိုနာရနှင့် ဂျပန်ခရီးသွားဆောင်းပါးများ စုစည်းမှုစာအုပ်' တွင် စာရေးသူ ဂျပန်နိုင်ငံတွင် ဧည့်သုတေသီအဖြစ် ခြောက်လကြာ (၀၁ အောက်တိုဘာလ ၂၀၁၉ - ၂၈ မတ်လ ၂၀၂၀) တာဝန်ထမ်းဆောင်ခဲ့စဉ် မြန်မာ သတင်းစာ၊ ဂျာနယ်များတွင် ရေးသားခဲ့သော ဂျပန်အတွေ့အကြုံ ဆောင်းပါး ၈၄ ပုဒ် ပါရှိသည်။ စာရေးသူ၏ ကိုးအုပ်မြောက် ဆောင်းပါးများစုစည်းမှု စာအုပ်ဖြစ်သည်။

စာအုပ်တွင် ခရီးသွားဆောင်းပါးများသာမက ဂျပန်နိုင်ငံ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေးတို့အပြင် ဂျပန်ပညာသင်အခွင့်အလမ်းများ၊ နိုင်ငံတကာ ဆက်ဆံရေးသဘောသဘာဝနှင့် စာရေးသူ၏ ဂျပန်နိုင်ငံအပေါ် လေ့လာသုံးသပ်ချက်များကို ဖတ်ရှုရမည်ဖြစ်သည်။

စာအုပ်များကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းနှင့် လှည်းတန်း ဦးထွန်းလင်းခြံလမ်းရှိ စာအုပ်ဆိုင်များနှင့် မန္တလေးမြို့ စိတ်ကူးချိုချိုစာပေ၊ နဂါးစာပေ၊ ထွန်းဦးစာပေတို့မှာ တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။ အခြား မြို့၊ ရွာများမှ စာအုပ်မှာယူလိုပါက Wun Zinn to Home ၀၉-၂၅၀ ၁၄၄ ၉၄၁ နှင့် WE Distribution ၀၉-၂၅၀ ၀၉၁ ၉၁၃ တို့တွင် အွန်လိုင်းမှတစ်ဆင့် အိမ်အရောက်ပို့စနစ်ဖြင့် မှာယူနိုင်သည်။





## ကျွန်တော်နှင့် ကိုဗစ်-၁၉

ကဗျာအို(ထောက်ကြန့်)စီစဉ်ရေးသားသည့် ကျွန်တော်နှင့် ကိုဗစ်-၁၉ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တို့ပြည်ကပ်ဘေး ကင်းဝေးရေး၊ လက်ဆေးမယ်၊ သတိအသိ၊ အဖြူ၊ အမည်း၊ ကိုဗစ်ကပ်ဘေး ကင်းဝေးရေး၊ စတေးဟုမ်း၊ ကိုယ်စီအသိရှိစေချင်၊ ဆိုင်းလင့်ဆာ၊ လုံးပါး၊ မက်ဆေ့ချ်၊ မာယာရှင်ကိုဗစ်၊ ကွယ်ပျောက်မှုတို့ ပျောက်ကွယ်လျှင်၊ ဗန်းလေးနဲ့ မမွဲပြာ၊ အဘိုးနှင့်မြေး များ၊ နယူးနော်မယ်၊ ကိုဗစ်ရိုက်ချက်၊ လော့ခ်ဒေါင်း၊ ကိုဗစ်နိုင်တင်း ကာကွယ်ထိန်းချုပ်ရေး၊ လူဖြစ်မှသာ စသည့်ကဗျာများကို ရေးသားထားသည်။

စာအုပ်ကို ရွှေပြည်သာစာပေ ဖုန်း-၀၉ ၇၃၁၄၅၀၇၃မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။



## ချေးငွေအရာရှိအိတ်ဆောင်

အသေးစားငွေရေးကြေးရေးလုပ်ငန်း(Microfinance)တွင် လုပ်ကိုင်နေကြသူ Loan Officer များအတွက် စာရေးသူ Nလွင် စီစဉ်ရေးသားသည့် ချေးငွေအရာရှိအိတ်ဆောင်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်နေသည့် ချေးငွေအရာရှိများ၏ အခြေခံတာဝန်များ၊ ချေးငွေထုတ်ပေးခြင်း၊ ပြန်လည်ကောက်ခံခြင်း၊ ကြီးကြပ်လေ့လာမှုများ၊ လုပ်ငန်းစွမ်းဆောင်မှု၊ Methodology နည်းစနစ်ဆိုင်ရာများ၊ အရည်အသွေးဆိုင်ရာများ စသည်တို့ကို ထုတ်နုတ်ပြုစုထားသည့်စာအုပ်ဖြစ်သည်။

စာအုပ်ကို ထက်ထက်အောင်စာပေ ဖုန်း-၀၉ -၅၀၉၅၃၈၈နှင့် ၀၉- ၄၄၉၀၀၁၈၂၂ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

# တရုတ်ပညာသင်ဆုရ မြန်မာကျောင်းသား ကျောင်းသူများအား ဘွဲ့လက်မှတ်ချီးမြှင့်

**ရန်ကုန် ဩဂုတ် ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ချီးမြှင့်သော ပညာသင်ဆုရရှိကာ ပြီးဆုံးအောင်မြင်ခဲ့သည့် မြန်မာကျောင်းသား ကျောင်းသူများအား ဘွဲ့လက်မှတ်ချီးမြှင့်ပွဲနှင့် ပညာသင်အတွေ့အကြုံများ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၌ ကျင်းပခဲ့သည်။




**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu၊ မြန်မာနိုင်ငံ နေအုပ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးနေအုပ်နှင့် ကျောင်းသား ကျောင်းသူအချို့ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် Mr. Tan Shufu က ကိုဗစ်ကာလနှင့် ကြုံရသည့်တိုင် အခက်အခဲမျိုးစုံကို ရင်ဆိုင်၍ အတန်းပြီးမြောက်အောင်မြင်သည်အထိ ပညာသင်ယူခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်အတူ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ၌ ပွင့်လင်းမြင်သာစွာ ကူးလူးဆက်ဆံရေး၊ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို အစဉ်တစိုက် အထူးအလေးအနက်ထားပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ နေအုပ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးနေအုပ်က တရုတ်နိုင်ငံ အစိုးရသည် ပညာသင်ဆုစီမံကိန်းဖြင့် မြန်မာနိုင်ငံအတွက် လူတော်လူချွန်များ တစ်သုတ်ပြီး တစ်သုတ် မွေးထုတ်ပေးခဲ့ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးသံမှူးက ပညာသင်ဆု ရရှိကာ ကမ္ဘာ့တောင်ဘက်ခြမ်း ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကယ်ဒမီ (Institute of South-South Cooperation and Development)၊ ပီကင်းတက္ကသိုလ်၊ ချင်းဟွာတက္ကသိုလ်၊ ကျုံးစန်းတက္ကသိုလ်နှင့် တရုတ်ပြည်သူ့တက္ကသိုလ် စသည်တို့၌ ပညာဆည်းပူးသင်ယူခဲ့ကြသော မြန်မာကျောင်းသား ကျောင်းသူများအား ဘွဲ့လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းသား ကျောင်းသူများသည် ကိုဗစ်-၁၉ ကြောင့် တရုတ်နိုင်ငံသို့ သွားရောက်၍ ဘွဲ့နှင်းသဘင်အခမ်းအနား မတက်ရောက်နိုင်သည့်အတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှတစ်ဆင့် ပေးအပ်ရခြင်းဖြစ်သည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက တရုတ်နိုင်ငံ၏ ခေတ်မီပညာရေးစီမံခန့်ခွဲမှုများ၊ တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး၊ တံခါးဖွင့်ရေးနှင့် စီးပွားရေးတည်ဆောက်ရေးဆိုင်ရာ မူဝါဒများ စသည်တို့နှင့်ပတ်သက်၍ ၎င်းတို့ မြင်သိတွေ့ကြုံခဲ့ရသည်များကို အသီးသီးဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၎င်းတို့၏ ပညာသင်ဆုကို မြန်မာကျောင်းသား ကျောင်းသူ ၁၂၉ ဦးအား ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

# မဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်ရေး ကွင်းဆင်းဆောင်ရွက်

**ရေတာရှည် ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများသည် ဆန္ဒမဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ရပ်ကွက်/ကျေးရွာအုပ်စု ၆၅ ခုတွင် မဲရုံပေါင်း ၁၆၉ခု၊ ဆန္ဒမဲပေးခွင့်ရှိသူ ပေါင်း ၁၆၃၁၇၆ ဦးရှိပြီး မဲဆန္ဒရှင်စာရင်းများစတင်ကပ်ထားသည့် ဇူလိုင် ၂၅ ရက်မှ ယနေ့အထိ ပြည်သူ ၂၄၆၄၉ ဦး လာရောက်ကြည့်ရှုခဲ့ပြီး ပုံစံ(၃)အရ အမည်စာရင်းပေးသူ ၇၆၄ ဦး၊ ပုံစံ(၃-က)ဖြင့် အမည်စာရင်းသွင်းသူ ၅၉ ဦး၊ ပုံစံ(၄-ဂ)ဖြင့် အမည်ပြင်ဆင်သူ ၆၄၂ ဦး၊ ပုံစံ(၄)အရ ကန့်ကွက်သူ ၃၀၁ ဦးရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အိန္ဒိယနိုင်ငံအထောက်အပံ့ရန်ပုံငွေဖြင့် နန်းယွန်းမြို့နယ်၌ RC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လျက်ရှိ

**နန်းယွန်း ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် နားလုံကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကျောင်းဝင်းအတွင်း ပေ(၉၀x၃၀) RC တစ်ထပ်ကျောင်းဆောင်သစ်အား စတုတ္ထအကြိမ် အိန္ဒိယနိုင်ငံ အထောက်အပံ့ရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ RC တစ်ထပ်ကျောင်းဆောင်သစ်အား နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စတုတ္ထအကြိမ် အိန္ဒိယနိုင်ငံအထောက်အပံ့ဖြင့် ငွေကျပ် ၁၀၆ ဒသမ ၅၀၆၅၄ သန်း အကုန်အကျခံကာ တည်ဆောက်ပေးနေခြင်းဖြစ်ပြီး ယင်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် နန်းယွန်းမြို့နယ် နားလုံကျေးရွာအုပ်စုရှိ နားလုံကျေးရွာ၊ တကူး(လေးအိမ်စု)ကျေးရွာ၊ ဆာဒီးကျေးရွာ၊ ဂီတော့ကျေးရွာ၊ ခါးလော့ကျေးရွာများရှိ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၅၀ ခန့် တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါ RC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မှုသည် ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းအားလုံး သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်၊ နန်းယွန်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုကျော်နှင့် တာဝန်ရှိသူများက ယနေ့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၂၀ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဦးဆန်းလင်း-ဒေါ်ဖြူဖြူဝင်း (ဖြူစင်ရတနာရွှေဆိုင် သာဂရမြို့)တို့၏သား **မောင်ဘုန်းမြတ်သူ** (ဖမ-၁၅၄၁)သည် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ခြင်းအတွက် အထူးဝမ်းသာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ရွှေသရဖူရွှေပန်းထိမ်မိသားစု**
**၄၄လမ်း**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၂၀ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဦးအကင်း-ဒေါ်နီလာစိုးနှင့် ဦးလှမြင့်-ဒေါ်သိဂီစိုး(စိန်ညွန့်ရတနာရွှေဆိုင် တောင်ငူမြို့)တို့၏ မြေး **မသက်မွန်ဖြိုး**(ဆကရ-၄၉၃)သည် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ခြင်းအတွက် အထူးဝမ်းသာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ရွှေသရဖူရွှေပန်းထိမ်မိသားစု**
**၄၄လမ်း**

## လယ်မြေနေရာ ကောင်းရောင်းမည်

မအူပင် - ကျိုက်လတ် Highway လမ်းမကြီးဘေး လက်ရှိ စိုက်ပျိုးနေသော လယ်မြေ ဧက(၁၅၀) ကျော် ရောင်းမည်။

**ပိုင်ရှင်ဖုန်း-09-252448233**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၂၀ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဦးမျိုးလွင်ဦး-ဒေါ်ချိုချိုဝင်း (ကိုမျိုးလွင်ဦး ရတနာရွှေဆိုင် ပဲနွယ်ကုန်းမြို့)တို့၏ သမီး **မသန့်ဖြူဖြူလွင်** (ဆကရ-၁၂၇၇)သည် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ခြင်းအတွက် အထူးဝမ်းသာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ရွှေသရဖူရွှေပန်းထိမ်မိသားစု**
**၄၄လမ်း**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၂၀ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဦးဇော်ဇော်ဦး-ဒေါ်အေးစန္ဒာ(စံရတနာ ရတနာရွှေဆိုင် တောင်ငူမြို့)တို့၏သမီး **မသစ်စင်စင်ဖူး** (နဥန-၂၂၁)သည် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ခြင်းအတွက် အထူးဝမ်းသာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ရွှေသရဖူရွှေပန်းထိမ်မိသားစု**
**၄၄လမ်း**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရှုခင်းသာ၊ မြေကွက်အမှတ်-၁၆၃၀/A-5-1၊ မြေဧရိယာ(၁.၆၆၃)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၆၃၀/A၊ ရှုခင်းသာလမ်း၊ သာကေတမြို့နယ်၊ ဦးဖြိုးကိုကိုတင့်ဆန်း[၁၄/ပသရ(နိုင်)၁၀၆၈၉၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးဖြိုးကိုကိုတင့်ဆန်းထံမှ SP ရသူ ဦးအောင်မြင့် [၉/မနမ(နိုင်)၀၉၃၅၉၇] မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာမြေစာရင်းမှတ်ချက်အရ ၂၀၁၄ခုနှစ်တွင် ဦးဖြိုးကိုကိုတင့်ဆန်း၊ ဦးကျော်ဆန်းဝင်းတို့မှ အရောင်းမြေပုံကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ မြေပုံမြေရာဇဝင်မှာ သက်တမ်းကုန်ဆုံးနေပြီး နေရာအထားမှား၍ ပျောက်ဆုံးလျက်ရှိကြောင်း ၁၇-၆-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာဖြင့်ရှင်းလင်းတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အမည်ပြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ မြင်တော်သာလမ်းနေအဖ ဦးကျော်မျိုးထွန်း [၁၂/ဥကမ(နိုင်)၁၇၀၈၇၇]၊ အမိ ဒေါ်ရွှေလဝင်း [၁၂/ဥကမ(နိုင်)၂၀၁၆၅၅]တို့၏သမီး အမက(၃)မှူလွန်၊ ဗဟန်းမြို့နယ်၊ Grade-4 သို့တက်ရောက်မည့် မဆောင်းသဇင်ထွန်းအား **မဆောင်းသဇင်ဝင်း** ဟုပြောင်းလဲ ခေါ်ဆိုပေးပါရန်။

**မဆောင်းသဇင်ဝင်း**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၄၅၁၊ မြေကွက်တည်နေရာအမှတ်-၄၅၁၊ အောင်ရိပ်သာ (၂)လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ ဦးစောနယ်လ်ဆင် (AA-၁၀၀၃၅၀) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မြေအား ဂရန်အမည်ပေါက် ဦးစောနယ်လ်ဆင်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့်ဝယ်ယူသူ ဦးထွန်းဝင်းအား တရားပြိုင်ထားကာ ဦးစောမြဦးမှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) တရားရုံးတွင် တရားမကြီးမှုအမှတ် ၄၉/၂၀၁၉ ဖြင့် ပဋိညာဉ်အတိုင်းမြေနှင့်အိမ် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ပါသဖြင့် တရားရုံး(ကိုယ်စား) ဘီလစ်ဒေါ်လှဲလှဲခိုင်မှ တရားမကြီးမှုအမှတ် ၄၉/၂၀၁၉ ၏ (၂-၁၂-၂၀၁၉) ရက်စွဲပါ စီရင်ချက်ဒီကရီနှင့် ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ် ၄၄/၂၀၁၉ ၏ နေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်အပ်စာ၊ ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### တံဆိပ်အမည်အမှတ်အသားသတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၁၀-ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် (၁၃၅/စီ-၁) နေ ဒေါ်အေးအေးထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်အေးအေးထွန်းသည် အထက်ပါတံဆိပ်အမည်အမှတ်အသားကို တီထွင်ဖန်တီးပြီး ရတနာရွှေဆိုင်လုပ်ငန်းလုပ်ကိုင်ရာတွင် ယင်းတံဆိပ်အမည်အမှတ်အသားကို အသုံးပြုလျက်ရှိပါသည်။ ထို့ပြင် (၁၇. ၇. ၂၀၂၀) ရက်စွဲပါ တံဆိပ်အမည်အမှတ်အသားမြွက်ဟကြေညာစာချုပ်အမှတ် (၄/၇၀၇၇) ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တင်သွင်းချုပ်ဆိုထားပါသည်။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေစတင် အာဏာတည်လာလျှင် မှတ်ပုံတင်သွင်းရန် ပြင်ဆင်ထားပါသည်။

သို့ပါ၍ အထက်ပါ တံဆိပ်အမည်အမှတ်အသားကို ဒေါ်အေးအေးထွန်း၏ ခွင့်ပြုချက်မရှိဘဲ ဆင်တူရိုးမှားတုပပြုလုပ်သုံးစွဲပါက ပြုလုပ်သုံးစွဲသူများကို ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်ကျော်ထွန်း LL.B., LL.M.** — **ဦးကျော်ကိုကိုလွင် LL.B.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၆၃)** — **အထက်တန်းရှေ့နေ (စဉ်-၅၂၃၆၈)**
**36 Thirty Six Law Group**
အမှတ်-၁၁၁/၁၁၃၊ ၃၆-လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၂၀၁၈၉၉၁၉

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်-၉၅၈/က၊ မြေဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်-၉၅၈/က၊ နဝရတ်လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမြထွန်း(TKA-၀၂၉၉၅၆)[၁၂/သကတ(နိုင်)၀၂၆၈၉၁]၊ ဒေါ်ဖြူ[၁၂/သကတ(နိုင်)၀၂၃၃၂၀]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြထွန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဇနီးဖြစ်သူ ဒေါ်ဖြူ[၁၂/သကတ(နိုင်)၀၂၃၃၂၀]ထံမှ GP(၂၅၈၉၈/၁၂-၉-၂၀၁၉)ရသူ ဦးသန်းထိုက်[၈/နမန(နိုင်)၁၃၁၉၁၃] မှ ကျမ်းကျိန်လွှာများ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရန်ကုန်မြို့၊သင်္ဃန်းကျွန်းမြို့နယ်၊(၁၆/၂)ရပ်ကွက်၊သုဒ္ဓသာနလမ်း၊ တိုက်အမှတ်(၁၄၈)ဟုခေါ်တွင်သော(၂)ခန်းတွဲ(၇)ထပ်တိုက်၏၄လွှာ၊ ခေါင်းရင်းခြမ်း(ဓာတ်လှေကားပါဝင်သည့်)အကျယ်အဝန်း(၂၂.၅×၅၄) ပေရှိကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့်အကျိုးခံစားခွင့်တို့အားအရောင်းအဝယ် ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း။

အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းအား**ကြေးအိုးကြီးဆောက်လုပ်ရေးကုမ္ပဏီက** တရားဝင်ပိုင်ဆိုင်လျက်ရှိကြောင်းနှင့်ကုမ္ပဏီ၏ကိုယ်စားလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုလာသူ**ဦးမျိုးသန်း(၇/ညလပ(နိုင်)၁၀၀၈၈၂)** ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ**ဒေါ်နှင်းယုလွင်(၁၂/ရကန(နိုင်)၀၆၇၆၇၆)**ကအပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေအချို့ကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့်ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်းတိကျခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်တို့ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ကြည်ကြည်ထွေး**(LL.B)(D.B.L) **ဒေါ်နွယ်နီအေး**(LL.B)
(စဉ်-၁၂၃၀၀) တရားလွှတ်တော်ရှေ့နေများ (စဉ်-၁၂၃၃၉)
အမှတ်(၃/၁၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ဖုန်း-၀၉-၂၅၂၂၁၀၈၀၇၊ ၀၉-၄၂၀၀၅၈၅၅၃

### ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်-၁၁၅၈၊ ပေ(၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

အထက်ပါမြေကွက်၏ အမည်ပေါက် ဒေါ်ခင်ဆွေ (HZA-၀၅၈၇၈၈) ထံမှ လက်ရောက်ရယူထား၍ လွှဲပြောင်းရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးစိန်ငွေး [၁၂/ဥကမ(နိုင်)၁၁၃၅၀၀]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လွှဲပြောင်းခြင်းအားပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးသန့်** | **ဒေါ်ရီ** | **ဒေါ်နန်ရှားရံ** |
| **(B.A(Law), LL.B)** | **(LL.B)** | **(LL.B, MBL, DIPL, DIL)** |
| **(စဉ်-၁၅၇၆)** | **(စဉ်-၃၈၈၁)** | **(စဉ်-၄၁၈၃၆)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၅၀၆၄၅၄၅၊ ၀၉-၅၀၈၃၅၀၅၊ ၀၉-၆၉၃၀၂၉၉၁၄**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အောင်ချမ်းသာကျေးရွာ အထက(ခွဲ)ဘိုကလေးတွင် ပညာသင်ကြားနေသော နဝမတန်းမှ မောင်နိုင်လင်းအောင်၏ဖခင်အမည်မှန်မှာ ဦးမင်းမင်းနိုင်[၁၂/ခရန(နိုင်)၀၉၅၃၉၇] ဖြစ်ပါသည်။

**ဦးမင်းမင်းနိုင်[၁၂/ခရန(နိုင်)၀၉၅၃၉၇]**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ အထက(ခွဲ)(ဘိုကလေး) ဒသမတန်းတွင် ပညာသင်ကြားနေသော မခင်မာလင်း၏ ဖခင်အမည်မှန်မှာ ဦးနေလင်းထွန်း[၁၂/ခရန(နိုင်)၁၄၇၁၄၀]ဖြစ်ပါသည်။

**ဦးနေလင်းထွန်း[၁၂/ခရန(နိုင်)၁၄၇၁၄၀]**

### ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ ဂုဏ်ထူး ဦးမောင်မောင် ကိုယ်ပိုင်အထက်တန်းကျောင်း G-11 (သင်္ချာ)မှ မဇင်ဇင်သက်၏ ဖခင်အမည်မှန်မှာ ဦးပေါက်ကင်း[၁၂/ကမတ(နိုင်)၀၀၄၂၁၀] ဖြစ်ကြောင်း။

### ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ ဂုဏ်ထူး ဦးမောင်မောင် ကိုယ်ပိုင်အထက်တန်းကျောင်း G-11 တန်းမှ မခင်ရတနာအောင်နှင့် ထခွဲ လ(၁၇)ကျောင်း G-7 တန်းမှ မောင်ဟန်ဖြိုးဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိန်ထွန်း [၁၂/သကတ(နိုင်) ၀၇၀၅၃၆]ဖြစ်ကြောင်း။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၉၁၂/က၊ မြေဧရိယာပေ(၂၀x၆၀)၊မြေကွက်တည်နေရာအမှတ်-၉၁၂/က၊ ရတနာပုံ(၆)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးခင်မြင့်[၁၂/သကတ(နိုင်)၀၅၉၇၇၉]၊ ဒေါ်အေးအေးမြိုင်[၁၂/သကတ(နိုင်)၀၂၉၉၉၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မြင့်(ဖခင်)နှင့် ဒေါ်အေးအေးမြိုင်(မိခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူဒေါ်နီနီလွင်[၁၂/သကတ(နိုင်)၀၂၆၂၁၈]မှ ကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့်တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း ကြော်ငြာခြင်း

ကျွန်မ မဖြိုးအေးအေးအောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၀/မလမ(နိုင်)၂၁၁၆၂၉]၏ Deity Domination Co.,Ltd ၏ ထ.သ.က မူရင်းသည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဖုန်း-၀၉-၂၅၀၂၉၃၉၆၅**

### ပန်းရောင်ကတ်ပျောက်ဆုံးကြောင်း ကြေညာခြင်း

Triple Win Services Agency တွင် တာဝန် ထမ်းဆောင်လျက်ရှိသော ကျွန်တော် မောင်ဗိုလ်ဗိုလ်ဦး [၁၂/ဥကတ(နိုင်)၀၉၁၄၇၂]သည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးထားသော ပန်းရောင်ကတ်အမှတ် (542154) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၆၃၃၄၈**

### ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်**

**၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၂၈**

ဦးခင်မောင်အေး ] နှင့် [ ၁။ WA Company Limited
၂။ ဦးရှင်းသန့်(စီအီးအို)
၃။ ဦးအောင်ကိုကို(ဒါရိုက်တာ)

**တရားလို** — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံ(၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်မွန်ကွန်ဒိုတာဝါ(အေ)၊ အခန်းအမှတ်-၁၀၀၁၊ (၁၀)လွှာနေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင်များ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုကငွေကျပ် ၄၄၈၀၀၀၀၊ (ငွေကျပ် သိန်းလေးရာလေးဆယ့်ရှစ်သိန်းရှစ်သောင်းတိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက် (၁၃၈၂ခုနှစ်၊ ဝါခေါင်လဆန်း (၁၃)ရက်၊ မွန်းမတည့်မီ နံနက် (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက်တွင် ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီနိုင်ငြိမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၁၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

(ခ)။ ။ အဆိုလွှာအတိုင်း သင်ကမှန်ကြောင်းဝန်ခံလျှင် ရရှိမည့် ဒီကရီကို သင့်အပေါ်တွင်ဖြစ်စေ၊ ပစ္စည်းအပေါ်တွင်ဖြစ်စေ၊ ၎င်းနှစ်ရပ်လုံး အပေါ်တွင်ဖြစ်စေ အတည်မပြုလုပ်ရအောင် စွဲဆိုသောငွေနှင့်အတူ ထိုက်သင့်ရာ တရားစရိတ်ပါ ရုံးတော်သို့ သွင်းရမည်။






## ''ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်''

| | | | |
|---|---|---|---|
| ၁။ရန်ကင်း၊ပြည်သာယာလမ်းမ | (68'x88') | 1RC | 14500L |
| ၂။ဗဟန်း၊ရွှေတောင်ကြား | (80'x80') | 2RC | 12000L |
| ၃။မရမ်းကုန်း၊အေဝမ်းလမ်းမ | (46'x108') | မြေ | 9000L |
| ၄။ကမရွတ်၊အောင်မြေသာစည်အိမ်ရာ | (65'x80') | 2RC | 7990L |
| ၅။ဗဟန်း၊အင်းယားမြိုင်(ဂုတ်) | (50'x45') | မြေ | 7500L |
| ၆။ဗိုလ်တ၊မစိုးရိမ်ကျောင်းလမ်း | (70'x85') | 1½RC | 5500L |
| ၇။မ/ဒဂုံ၊ပင်လုံလမ်းမ | (40'x60') | 2BN | 5200L |
| ၈။သဃ်န်းကျွန်း၊မလိခအိမ်ယာ | (44'x62') | မြေ | 3800L |
| ၉။သုဝဏ္ဏ၊VIP II | (41x70') | မြေ | 2700L |

- 09 5185534 , 09 5040160, 09 5173690



## စိန်ငါးလုံး အကျိတ်အဖုလိမ်းဆေး

အမှတ်တံဆိပ် TMR 009422 (1020)

လည်ပင်း၊ ချိုင်း၊ ပေါင်ရင်းတွင်ဖြစ်ပေါ်တတ်သော အကျိတ်အဖုအမျိုးမျိုးနှင့် ကိုဋ္ဌရာနာ၊ သွေးစုနာ၊ မွေးကျွတ်နာ၊ အနာစိမ်း၊ ရေယုန်နာ၊ ဂရင်ဂျီနာ၊ ခြေ၊လက်၊ဖဝါးကွဲအနာများ အပြင် ပွေး၊ ဝဲ၊ ယားနာ၊နှင်းခူတို့ကို သက်သာပျောက်ကင်းစေပါသည်။

- ၀၉၄၄၃၁၁၀၃၇၅၊ ၀၉၄၂၁၀၄၀၀၈၅

အမြို့မြို့ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။



## မှတ်ပုံတင် မှိုသတ်ဆေးဖြန့်ဖြူးသူ အမည်ပြောင်းလဲခြင်း

BASF Myanmar Limited မှ P2017–2768ဖြင့် မှတ်ပုံတင်ရရှိထားသော မှိုသတ်ဆေး Opera 18.3% SE (Epoxiconazole 5%+ Pyraclostrobin 13. 3% SE) ဖြန့်ဖြူးခြင်းအား **JJ–PUN Trading Limited,** The Campus, 1st Floor, Wing–A, I Office Park, Rain Tree Drive, Pun Hlaing Estate, Hlaing Thar Yar Township, Yangon, Myanmar မှ **Y Agro Solution Company Limited,** No.19, Nant Thar Kone Quarter, Insein Township, Yangon, Myanmar သို့ လွှဲပြောင်းဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ လွှဲပြောင်းသည့်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်သို့ (၁၄)ရက်အတွင်း သွားရောက်အကြောင်းကြား ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**BASF Myanmar Limited**

ဖုန်း–၀၁–၅၄၄၀၄၁



## ပြင်ဆင်ဖတ်ရှုပါရန်

၆–၅–၂၀၂၀ရက်နေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)ရှိ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဦးဆန်းလင်းနိုင်+၁ အမည်ပြောင်းလိပ်စာ ၄/က–၉၊ သီရိဟေမာလမ်း၊ (၂၇/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းဟု မှားယွင်းကြေညာထားသဖြင့် ၄/က–၉၊ သီရိဟေမာလမ်း၊ ဇဝနရပ်ကွက်၊ သဃ်န်းကျွန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။



သဘာဝ ပျားရည် ရမည်။

မန်းသုခ ဆေးဆိုင် အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့ ဖုန်း - ၀၁ - စ၃၇၆၈၀၈၊ ၉၅၄၉၀၄၂



## အမည်ပြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း(၁)လမ်း၊ တိုက်(၅)၊ ပထမထပ်နေ ဦးရဲထွန်းအောင် –ဒေါ်သူသူဇာပိုင်တို့၏သား မောင်ဟိန်းသုတအောင်အား မောင်ဒိုရီယံအောင်ဟု အမည်ပြောင်းလဲလိုက်ပါသည်။


# အနူးအညွတ် ဝန်ချတောင်းပန်ခြင်း

တကယ်တော့…
ဘယ်သူကမှ နောက်မကျပါဘူး
နေဝင်ချိန်ကကို စောလွန်းသွားတာပါ။
**တာရာမင်းဝေ**
(၇.၅.၉၇)

တကယ်တော့
တို့နောက်မကျပါဘူး
နေဝင်တာနည်းနည်းစောသွားခဲ့တာ။
If truth be told
we were not behind time
the sun set a little too soon.
မျိုးဟန်

သံယောဇဉ်ကိုမှ
ခုတ်ထွင် မီးရှို့တတ်တဲ့ လယ်သူမရယ်
အခုတောင်…လွမ်းတယ်။
**တာရာမင်းဝေ**

သံယောဇဉ်ကိုမှ
ခုတ်ထွင်ရှင်းလင်းတတ်တဲ့ လယ်သူမရယ်
အခုတောင်လွမ်းတယ်။
To the damsel
Given to weeding out my very attachment.
Even now I miss you.
မျိုးဟန်

တစ်သက်လုံးဆိုတာ ဘယ်လောက်ကြာသလဲ..
တစ်ခါနမ်းရင် ဘယ်နဘဝအထိ သတိရသလဲ..
ငါ့ နလုံး ခုန်သံက
နင့် နလုံး ခုန်သံကို ပွဲတင်ထပ်ရတာ..၊
**(မင်းခိုက်စိုးစန်)**
၂၀၁၉

တစ်ခါနမ်းခ
တစ်ဘဝ ပေးရလည်း
တန်ပါတယ်။
Even if just one kiss
Costs me a lifetime
It's worthwhile.
မျိုးဟန်

**ဆရာတာရာမင်းဝေ ရေးသားသည့်**
**“ပန်းလက်ဖဝါးမှာ ပါးအပ်ပိုင်ခွင့်မရှိတဲ့ကောင်လေး” လုံးချင်းဝတ္ထု၏ နောက်ဆုံးစာမျက်နှာပါ ကဗျာစာသား**
**“နှစ်ချို့တောင်တန်းကြီးက ငါ့ကိုပန်းနဲ့လှမ်းပေါက်တဲ့နေ့ ” ( ကဗျာပေါင်းချုပ် ) စာမျက်နှာ ၁၄၈ ပါ “ လယ်သူမ ” ကဗျာ၏ နောက်ဆုံးအပိုဒ်နှင့်**
**ဆရာမင်းခိုက်စိုးစန်၏ ကဗျာတို့ကို စာသားပြုပြင်၍**
**ကျွန်တော်မျိုးဟန်၏ “နှစ်ဆယ့်လေးနာရီခုနစ်ရက်ကဗျာများ” အမည်ဖြင့် ထုတ်ဝေသောကဗျာစာအုပ်တွင်**
**ကျွန်တော်ကိုယ်တိုင်ရေးကဗျာအဖြစ် ပုံနှိပ်ဖော်ပြခဲ့ပါသည်။**

**ထို့အတွက် ဆရာတာရာမင်းဝေနှင့်မိသားစု၊ ဆရာမင်းခိုက်စိုးစန်နှင့်မိသားစု၊ ဆရာများ၏စာပေမိတ်ဆွေမောင်နှမများနှင့် ဆရာများ၏စာဖတ်ပရိသတ်များကိုလည်းကောင်း၊ ကျွန်တော့်အားယုံကြည်စွာဖြင့် ပုံနှိပ်ထုတ်ဝေပေးခဲ့ပါသော City Discovery Publishing အားလည်းကောင်း၊ ရောင်းချပေးသောဆိုင်များကိုလည်းကောင်း၊ ကျွန်တော့်ကိုအားပေးခဲ့ကြပါသော စာဖတ်သူပရိသတ်များအားလည်းကောင်း ခွင့်လွှတ်ပါရန် အနူးအညွတ်ဝန်ချတောင်းပန်အပ်ပါသည်။**

**နောင်တွင် ကျွန်တော်ကိုယ်တိုင်ရေးမဟုတ်သည့်ကဗျာများကို ဖော်ပြခြင်းပြုလုပ်မည်မဟုတ်ကြောင်း ဂန်ခံကတိပြုပါသည်။**

**မျိုးဟန်**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၉ ခုနှစ်**(သို့မဟုတ်)**၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၂၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၂၆)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၂၅)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တီးတိန်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**တီးတိန် ဩဂုတ် ၁၂**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးခင်မောင်ဝင်းနှင့် ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန် ဦးရွှေလေး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရောက်ရှိကြရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် တာဝန်ရှိသူများက ကလေးမြို့ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကလေးမြို့လေဆိပ် ဧည့်ခန်းမဆောင်၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တီးတိန်မြို့ မိုးလုံလေလုံအားကစားရုံသစ် (ဘွာလ်ဖန်အားကစားရုံ) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ကျောင်းကုန်းမြို့နယ် မြို့မဈေး၌ နှာခေါင်းစည်း ၁၅၀၀ အခမဲ့ ဖြန့်ဝေ

**ကျောင်းကုန်း ဩဂုတ် ၁၂**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် နှာခေါင်းစည်း အခမဲ့ဖြန့်ဝေမှုကို ကျောင်းကုန်းမြို့နယ် မြို့မဈေးအတွင်း ယနေ့နံနက် ၈ နာရီက ဖြန့်ဝေပေးခဲ့သည်။

ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ပိုမိုပြင်းထန်လာချိန်တွင် မြန်မာနိုင်ငံတွင်လည်း ဒုတိယလှိုင်းအဖြစ် ကူးစက်ပျံ့နှံ့မည်ကို စိုးရိမ်သောကြောင့် အပြင်ထွက်လျှင် နှာခေါင်းစည်း လူတိုင်းဝတ်ဆင်ကြရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နှိုးဆော်ထားမှုကြောင့် ယခုလို ဝေငှဖြန့်ဖြူးပေးရခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ပြောသည်။

အဆိုပါ ဖြန့်ဝေမှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မဈေးကော်မတီဝင်များက နှာခေါင်းစည်း ၁၅၀၀ ကို ဈေးဝယ် ဈေးသည်များအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)





# နတ်မောက်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတို့တွင် မဲစာရင်းလာရောက်ကြည့်ရှုသူ ဦးရေ ၆၅၀၀၀ ရှိ

**နတ်မောက် ဩဂုတ် ၁၂**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို နတ်မောက်မြို့နယ်တွင် ဇူလိုင် ၂၅ ရက်မှစတင်ပြီး ဩဂုတ် ၁၄ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံး ၂၃၄ ရုံးတို့တွင် ကပ်ထားကြေညာလျက်ရှိရာ ယနေ့အချိန်အထိ မဲစာရင်းလာရောက်ကြည့်ရှုသူ ၆၅၀၀၀ ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

ပထမအကြိမ် ကပ်ထားသည့် မဲစာရင်းများတွင် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းများအား ဖြည့်စွက်လိုခြင်း၊ ပယ်ဖျက်လိုခြင်း၊ ကန့်ကွက်လိုခြင်း၊ ပြင်ဆင်လိုခြင်းရှိသည်များကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာကော်မရှင် အဖွဲ့ခွဲရုံးသို့ လာရောက်ဆောင်ရွက်ရာတွင် ယနေ့အထိ မိမိအမည်မပါရှိ၍ ပုံစံ(၃)ဖြင့် လျှောက်ထားသူ ၄၉၇ ဦးခန့်၊ မဲစာရင်းတွင် မိမိအမည်နှင့် အချက်အလက်မှားယွင်းနေ၍ ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန် လျှောက်ထားသူ ၃၁၈ ဦးခန့်နှင့် မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေသဖြင့် ပုံစံ(၄) ဖြင့် ကန့်ကွက်သူ ၁၅၁ ဦးခန့်ရှိသည်။ ပထမအကြိမ် ကပ်ထားသည့် မဲဆန္ဒရှင်စာရင်းဦးရေမှာ ၁၈၉၀၀၀ ခန့်ရှိကြောင်းနှင့် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာလတွင် ဒုတိယအကြိမ် ထပ်မံကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

လှဝင်း(နတ်မောက်)

ကြေးမုံ ယနေ့ ဖတ်စရာ

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး အကြိုညှိနှိုင်းအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး**

စာမျက်နှာ » ၉

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၂၀ ပြည့်နှစ်အတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၁၀

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအသုံးပြုမှုအတွက် အတည်ပြုပေးခဲ့ဟု ရုရှားသမ္မတ ပူတင်ပြောကြား**



စာမျက်နှာ » ၁၃

